ချစ်ဂေါ့ကျေးရွာ
ချီဖွေမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၂၀ - ၂၀၂၄)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ချစ်ဂေါ့ကျေးရွာ၊ ချီဖွေမြို့နယ်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၂၀ ခုနှစ်၊ မေလ

# မာတိကာ


မာတိကာ ၁

စကားချီး ၅

ချစ်ဂေါ့ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ချီဖွေမြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်** ၈

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် မဟာဗျူဟာ ၁၈

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်

ကျသော ချိတ်ဆက်မှုများ ၂၀

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၁
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၃၁

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၃၂
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၃
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** **၃၆**

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကျေးရွာ၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးနှင့်သားငါး ထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ အခွင့်အလမ်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ရေးရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မူခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အပေါ်ဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၇၉
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှဖြေရှင်းနည်း အထိ)** ၈၁

**ကိုးကားစာရင်း** ၈၇

**အပိုင်း(ခ) စီမံချက်ဆိုင်ရာ အချက်အလက်** ၈၈

စီမံချက်ဆိုင်ရာအချက်အလက်ပုံစံ

အတိုကောက်စကားလုံးများ

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ်အထိ(၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမ ဦးဆုံးသောလူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

လိုအပ်ချက်များကို ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး ပေါ်ပေါက်လာသည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းကနေ၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်းကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို

အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြု စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

မေ၊ ၂၀၂၀

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ချစ်ဂေါ့ကျေးရွာ
ချီဖွေမြို့နယ်

## ချစ်ဂေါ့ကျေးရွာ သယံဇာတပြမြေပုံ၊ ချီဖွေ မြို့နယ်






## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့ အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီ ဖြင့်ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေး ဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာ ကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာ စီမံကိန်းအကောင် အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊ (၅)နှစ်တာ ကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များ ရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေဖြင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးအထောက်အပံ့ ရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့ အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက် မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေး နှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

### အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ဟဲပါးသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက် မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလုပ်လာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါယင်းသို့ မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေး ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ချစ်ဂေါ့ကျေးရွာသည် ချီဖွေ-ဖီမော်လမ်းမကြီးပေါ်တွင် တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ ချီဖွေမြို့နှင့် (၈၅)မိုင်ခန့်ကွာဝေးသည်။ ချစ်ဂေါ့ကျေးရွာ၏ မြေမျက်နှာသွင်ပြင်အနေအထားသည် တောင်ကုန်းတောင်စောင်းဘေးပေါ်တွင် တည်ရှိနေပြီး တောတောင်၊ လျှိုမြောင်များ ဝန်းရံလျက်ရှိပါသည်။ တောင်ပေါ်ဒေသ ဖြစ်သည့်အလျောက် အလွန်အေး၍ခြောက်သွေ့သောရာသီဥတုမျိုး ရရှိသည့် ဒေသတစ်ခု ဖြစ်သောကြောင့် ရာသီဥတုနှင့်ကိုက်ညီသည့် နှစ်ရှည်ပင်သီးနှံပင်များ စိုက်ပျိုးရန် သင့်တော်ပါသည်။ အရှေ့ဘက်မှ အနောက်ဘက်သို့ ရွာတောင်ခြေမှစီးဆင်းလျက်ရှိသည့် အဓိကချောင်းကြီး(၁)ချောင်း၊ တောင်ကုန်းတောင်တန်းလျှိုမြောင်များမှ စီးဆင်းလာသော တောင်ကျချောင်း (၂) ချောင်းမှာ ရွာအတွက် အသက်သွေးကြောပမာ တည်ရှိနေပါသည်။

အရှေ့ဘက်တွင် ဖျင်းလော့ကျေးရွာ၊ အနောက်ဘက်တွင် နိုဇုန်ဘော်ကျေးရွာ တို့နှင့် နယ်နမိတ် ချင်းထိစပ်လျက်ရှိပါသည်။

### (ခ) သဘာဝအရင်းအမြစ်

တောင်ကုန်း၊တောင်တန်း၊လျှိုမြောင်များ ပေါများပြီး မြေဆီမြေသြဇာ အသင့်အတင့် ကောင်းမွန်သည်။ တောင်သူအများစုသည် နှစ်ရှည်သီးနှံပင်များဖြစ်သည့် သစ်ကြားပင်၊ စောက်ကော်ပင် တို့ကို အဓိက စိုက်ပျိုးကြပါသည်။ စိုက်ပျိုးမြေအားလုံးတို့သည် တောင်ကျချောင်းရေ၊ စိမ့်စမ်းရေ နှင့် မိုးရေတို့ကို အသုံးပြု၍ စိုက်ပျိုးကြပါသည်။ ကျေးရွာ၏ အဓိကလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်သည်။ အလုပ်အကိုင်ရှားပါးမှုကြောင့် သစ်တောထုတ်ကုန်များကို အလွန်အကျွံထုတ်ယူသုံးစွဲခြင်း သတ္တုတူးဖော်ခြင်းများကြောင့် ယခုအခါ သစ်တောပြုန်းတီးမှုနှင့်အတူ ဒေသ၏ ရေအရင်းအမြစ် ကိုပင် ထိခိုက်သက်ရောက်လာပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၅၂)စုရှိသည်။ ကျား(၁၉၄)၊ မ(၁၇၉)ဦး စုစုပေါင်း (၃၇၃)ဦးရှိကာ တစ်အိမ်ထောင်၏ ပျမ်းမျှလူဦးရေမှာ (၇.၁၇)ဦးနှုန်းဖြစ်ပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်စုပျမ်းမျှနှုန်း(၅) ယောက်နှုန်းထက်ပိုနေပါသည်။ ကျေးရွာတွင် လာချိဒ်နှင့်လော်ဝေါ် တိုင်းရင်းသားများသာ နေထိုင်ကြသည်။ အလုပ်လုပ်နိုင်သော လူဦးရေ ကျား (၉၄)၊ မ(၉၈)ယောက်ရှိပြီး ကျေးရွာရှိ စုစုပေါင်းလူဦးရေ၏(၅၁.၄၇)%ရှိသည်။ အလုပ်လုပ်နိုင်သောအမျိုးသားဦးရေသည် (၂၅.၂)%ရှိသဖြင့် အလုပ်လုပ်နိုင်သော အမျိုးသမီးဦး ရေထက် (၁.၀၇)% ပိုများသည်။

အလုပ်လုပ်နိုင်သော လူဦးရေသည် စုစုပေါင်းလူဦးရေ၏ (၅၁.၄၇)%ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ် အသင့်အတင့်ရှိသော ကျေးရွာတစ်ရွာဖြစ်ကာ ကျေးရွာအတွင်းရှိ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး လူ့စွမ်းအားအရင်းအမြစ်ကောင်းများအဖြစ် ပြုစုပျိုးထောင်ပေးနိုင်မည်ဖြစ်သည်။

ကျေးရွာအတွင်းရှိ လူငယ်များနှင့် လူကြီး၊ ကျား/မအဆင့်အတန်းမခွဲခြားပဲ လူ့စွမ်းအားအရင်းအမြစ်များကို အပြည့်အဝအသုံးပြုမည်ဆိုပါက ကျေးရွာ၏လူမှုစီးပွားရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် အချိန်တိုအတွင်း ဆောင်ရွက်နိုင်သည်။

## (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

စိုက်ပျိုးရေးသည် ကျေးရွာ၏အဓိကစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် အသင့်အတင့်ရှိသည်။ ဓနအဆင့်သတ်မှတ်မှုအရ ချမ်းသာသော အိမ်ထောင်စုဦးရေသည် အိမ်ထောင်စုအားလုံး၏(၂၃.၀၇)%သာရှိပြီး အဆင်ပြေသောမိသားစု(၃၄.၆၁)% ရှိသည်။ ဆင်းရဲနှင့် အလွန်ဆင်းရဲအဆင့်အဖြစ်ခံယူထားကြသော မိသားစု(၄၃.၁၃)%ရှိသည်။

ချမ်းသာသောမိသားစုများသည် နှစ်ရှည်သီးနှံစိုက်ပျိုးရေး(သစ်ကြား၊စောက်ကော်)လုပ်ငန်းအပြင် အရောင်းအဝယ်(သစ်တောထွက်ပစ္စည်း၊ ကုန်စုံဆိုင်)လုပ်ငန်း ၊ ကျွဲ၊ နွား၊ ဝက်၊ ကြက် မွေးမြူသောလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်ကြသည်။ စိုက်ပျိုးမြေပိုင်ဆိုင်မှုအားဖြင့် အများစုမှာ မြေဧက (၅)ဧကခန့်ပိုင်ဆိုင်ကြသည်။

အဆင်ပြေသောမိသားစုများသည် အများအားဖြင့် စိုက်ပျိုးမြေ(၃)ဧကမှ (၅)ဧကအကြား ပိုင်ဆိုင်ကြပြီး စိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်ကြသည်။ တွဲဖက်လုပ်ငန်းများအဖြစ် မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ကြသည်။

(၄၃.၁၃)%သောအဆင်မပြေသည့် မိသားစုများမှာ စိုက်ပျိုးမြေ(၁)ဧကအောက်ပိုင်ဆိုင်သူများပြီး အများစုမှာ မြေယာမဲ့များဖြစ်ကြသည်။

အဆင်မပြေသော မိသားစုအများစုမှာ စိုက်ပျိုးရေးလုပ်ငန်းတွင် အငှားဝင်လုပ်ခြင်း (သူရင်းငှား)၊ နေ့စားလိုက်ခြင်းနှင့် ပြင်ပတွင်ထွက်၍လုပ်ကိုင်ခြင်း၊ ကျပန်းလုပ်ခြင်းဖြင့် စားဝတ်နေရေးအတွက် ဖြေရှင်းကြရသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စု(၁၀)%ခန့်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းသူရင်းငှားလုပ်ငန်း ၊ ထင်း၊ သစ်ခုတ်လုပ်ငန်း၊ တနိုင်တပိုင်မွေးမြူရေး၊ မုဆိုးလုပ်ငန်း၊ နေ့တွက်(နေ့စား)လုပ်ငန်းများလုပ်ကိုင်ကြသည်။ ကျေးရွာ၏ ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများသည် စိုက်ပျိုးရေးလုပ်ငန်း၊ သစ်ခုတ်လုပ်ငန်း၊ ပုဂ္ဂလိကစိုက်ခင်း များတွင် အငှားဝင်ရောက်လုပ်ကိုင်ကြပြီး မုဆိုး၊ ဂိုင်းထောင်

(သားကောင်ထောင်ဖမ်းသည့် အလုပ် တောဝက်၊ တောကြက်၊ ဂျီ၊ ဆတ် စသည့်) လုပ်ငန်းများလည်း လုပ်ကိုင်ကြသည်။

ကျေးရွာတွင် မူးယစ်ဆေးဝါးသုံးစွဲသော လူကြီးလူငယ်လူရွယ်များရှိကြပြီး ရံဖန်ရံခါခိုးမှု အနည်းငယ်လည်းဖြစ်ပေါ်သည်။ ယင်းမူးယစ်ဆေးဝါးမှာ ကျေးရွာသူ/သားများအားလုံးကို ခြိမ်း ခြောက်လျက်ရှိသည်။

အလုပ်အကိုင်ရှားပါးခြင်း၊ကျွမ်းကျင်ပညာရပ်မတတ်မြောက်ခြင်း၊ မူးယစ်ဆေးဝါး၊ အသိ ပညာအားနည်းမှုနှင့် ထိခိုက်လွယ်သော မိသားစု/အုပ်စုအပေါ် အုပ်ချုပ်ရေးအဖွဲ့နှင့် ရပ်မိရပ်ဖများ၏ လစ်လျူရှုမှုသည် ကျေးရွာဖွံ့ဖြိုးမှု၏ အဓိကစိန်ခေါ်မှုပင်ဖြစ်သည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် ရွာသူ/ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ မွေးကင်းစကလေးငယ် များ အသေအပျောက်နည်းပါးသည်။ ကျန်းမာရေးဝန်ဆောင်မှုအနေဖြင့် မွေးကင်းစကလေးများ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများအား အခါအားလျော်စွာ ကာကွယ်ဆေးထိုးခြင်း၊ ကာကွယ်ဆေး တိုက်ခြင်းတို့ကို ပြုလုပ်ပေးသည်။

ကျေးရွာအတွင်း အမျိုးသမီးများ၊ လူငယ်လူရွယ်များနှင့် သက်ကြီးရွယ်အိုများအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှု မရှိသလောက်နည်းပါးနေသေးသည်။ မြို့နယ်ဆေးရုံနှင့် မိုင်(၂၀)ကျော်ကွာဝေးပြီး၊ ဆေးဆိုင်များနှင့် လက်လှမ်းမှီမှု မရှိသောကြောင့် ကျေးရွာဆေးပေးခန်း နှင့် ကျန်းမာရေးဝန်ထမ်းများ လုံလောက်စွာချပေးရန် လိုအပ်နေပါသည်။

ကျေးရွာတွင် မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့် လိင်ဆက်ဆံခြင်းတို့မှတစ်ဆင့် HIV, AIDS ရောဂါဖြစ်ပွားမှုများရှိပြီး တီဘီရောဂါဖြစ်ပွားမှုများကိုလည်း တွေ့ရှိရသည်။ သို့ဖြစ်၍ ကျေးရွာသား များ သာမာန်အားဖြင့် ကျန်းမာကြသော်လည်း အခြေခံကျန်းမာရေး အသိပညာပေးမှုများ၊ ကလေး၊ လူကြီး၊ အမျိုးသမီးမကျန် ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုနှင့် ကုသရေးအပိုင်းတွင် နှောင့်နှေး လျက်ရှိနေသေးသည်ကို တွေ့ရသည်။ကျေးရွာတွင် ဝမ်းပျက် ဝမ်းလျှော၊ သွေးလွန်တုပ်ကွေး နှင့်ငှက်ဖျားစသော ရောဂါဖြစ်ပွားမှုများ နည်းပါးကြောင်းတွေ့ရသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အလွန်နိမ့်နေပါသည်။ ရွာသားအများစုသည် မြန်မာဘာသာစကားပင် နားလည်တတ်ကျွမ်းမှုမရှိကြောင်း တွေ့ရှိရသည်။ အခြေခံပညာ အရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ထားသူဦးရေ အနည်းငယ်သာရှိသည်။ ကျေးရွာတွင် အခြေခံပညာရေးကို မူလတန်းအဆင့်ထိသာ သင်ယူတတ်မြောက်နိုင်သည်။ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်တို့ကို မြို့ပေါ်ကျောင်းများတွင်သွားရောက်သင်ယူကြရပါသည်။ တစ်ရွာလုံးတွင်

အထက်တန်းအဆင့်အောင်မြင်သူ(၁၃)ဦးရှိပြီး အထက်တန်းအဆင့်တက်ရောက်သူဦးရေအနည်းငယ်သာရှိသည်။ အသက်မွေးဝမ်းကျောင်းပညာရပ်များမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများနည်းပါးနေသေးသည်။

## (စ) ကျား/မရေးရာကိစ္စဆိုင်ရာ

ပညာရေးဆိုင်ရာကိန်းဂဏန်းအချက်အလက်များအရ ပညာသင်ကြားရေးအပိုင်း၌ အမျိုးသမီးများ အမျိုးသားများနှင့်တန်းတူ အခွင့်အရေးရကြသည်။

သို့သော် အချို့အလုပ်အကိုင်များနှင့် နေ့စားလုပ်ငန်းခွင်တွင် တစ်နေ့တာ ကုန်ဆုံးခြင်း၊ ခွန်အားစိုက်ထုတ်မှုတူသော်လည်း လုပ်ခလျော့ပေးခြင်းခံရလျက်ရှိသည်။ ရပ်ရေးရွာရေးကိစ္စများ၌ အမျိုးသမီးများ ပါဝင်နိုင်မှု အခွင့်အရေးမရှိပေ။ တစ်ခေတ်တစ်ခါက ရှင်သန်ခဲ့သော မိခင်နှင့်ကလေး အမျိုးသမီးရေးရာအဖွဲ့များပင် အသက်မဝင်မှေးမှိန်လျက်ရှိသည်။ ကျေးရွာအတွင်း အမျိုးသမီးများ လူကုန်ကူးခံရမှုမရှိပေ။

ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးများပါဝင်မှု မရှိပေ။ ကျားမတန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများ၊ လူ့အခွင့်ရေးသင်တန်းများ၊ အမျိုးသမီးစွမ်းဆောင်ရည်မြှင့်သင်တန်းများ ဆောင်ရွက်ပေးခြင်းဖြင့် ကျား/မတန်းတူညီမျှမှုနှင့် ကျေးရွာဖွံ့ဖြိုးမှုအတွက် ပိုမိုအထောက်အပံ့ဖြစ် လာနိုင်ပါသည်။

အလုပ်လုပ်နိုင်သော အမျိုးသားဦးရေ(၁၁၃)ဦး၊ အမျိုးသမီးဦးရေ(၁၀၃)ဦးရှိသောကြောင့် အကယ်၍ ရပ်ရေးရွာရေးတွင် အမျိုးသမီးကဏ္ဍကို ပြစ်ပယ်ထားပါက ကျေးရွာ၏လုပ်သားအင်အား (၃၁.၂)%ဆုံးရှုံးမည်ဖြစ်သည်။

# ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

## (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

ကျေးရွာတွင် ဘာသာရေး၊ ကျန်းမာရေး၊ လူမှုရေးယဉ်ကျေးမှုနှင့် စီးပွားရေးကို အခြေခံထားသောအဖွဲ့အစည်းများမှာ အဖွဲ့အစည်းခိုင်မာကျစ်လစ်မှုမရှိခြင်း၊ ကိုယ်ပိုင်ရပ်တည်မှုမရှိခြင်း၊ လုပ်ဆောင်မှု အားနည်းခြင်းတို့ကြောင့် ကျေးရွာအတွင်း မထင်ရှားဘဲ အားနည်းလျက်ရှိသည်။

## (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် နှစ်ရှည်သီးနှံဖြစ်သည့် ရောက်ကော်သီး နှင့် သစ်ကြားသီးတို့ကိုအဓိကစိုက်ပျိုးကြပါသည်။ ပြောင်းသီးနှံကိုလည်း အလေးထားစိုက်ပျိုးကြသည်။ တောင်သူအများစုမှာ တောင်ကျချောင်းရေနှင့် စိမ့်စမ်းရေကို အားပြု၍ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ကြိုးစားစိုက်ပျိုးကြသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ပံ့ပိုးမှုမရှိသလောက်နည်းသည်။ စိုက်ပျိုးရေးသွင်းအားစုတွင် မျိုးကောင်းမျိုးသန့်ရရှိနိုင်မှု လက်လှမ်းမှီစိုက်ပျိုးရေးအတွက် တောင်ကျချောင်းနှင့် စိမ့်စမ်းများကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် သွယ်ယူ၍နှစ်စဉ်စိုက်ပျိုးကြရသည်။ ကျေးရွာတွင် အစိုးရမှ စိုက်ပျိုးရေရရှိရေးအတွက် လုပ်ဆောင်ပေးခြင်းမရှိသေးပါ။ အကယ်၍ ဝန်ကြီးဌာနမှ အစုအဖွဲ့ပိုင်ရေသွယ်ပိုက်များလျှုဒါန်းထောက်ပံ့ပေးခြင်း၊ ရေတားတမံများတည်ဆောက်ပေးနိုင်မည်ဆိုပါက ကျေးရွာ၏စိုက်ကေနှင့် အထွက်နှုန်းမှာ ပို၍တိုးတက်လာနိုင်မည်ဖြစ်ပါသည်။

ကျေးရွာတွင် ဒေသဆိုင်ရာမွေးမြူရေးတိရိစ္ဆာန်များကိုသာ မွေးမြူကြပြီး နွားကောင်ရေ (၆၁)ကောင်၊ ကျွဲအကောင်ရေ(၄၈)ကောင်နှင့် ဆိတ်ကောင်ရေ(၂၆) ကောင်ရှိသည်။ မွေးမြူရေးအများစုကို မိသားစုများ၏ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စရပ်များ၌ အသုံးပြုရန်ဝင်ငွေအတွက် မွေးမြူကြသည်။ ဝက်၊ ကြက်များကိုလည်း တွဲဖက်စီးပွားရေးအဖြစ် မွေးမြူကြ သည်။

ကျွန်ုပ်တို့ကျေးရွာတွင် ဒေသန္တရမွေးမြူရေးလုပ်ငန်းများသာ လုပ်ကိုင်ကြသည်။ မိရိုးဖလာအရ စိုက်ပျိုးရေးတစ်မျိုးတည်းကိုသာ အဓိကအားထားသောကြောင့်လည်းကောင်း၊ မွေးမြူရေးဆိုင်ရာဗဟုသုတ အားနည်းခြင်းကြောင့်လည်းကောင်း၊ မွေးမြူရေးလုပ်ငန်းအတွက် မြေနေရာနည်းပါးခြင်းကြောင့်လည်းကောင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မွေးမြူရေးနည်းပညာနှင့်ဝန်ဆောင်မှုလက်လှမ်းမမှီသောကြောင့်လည်းကောင်း၊ စီးပွားရေးအရ တွက်ခြေမကိုက်သောကြောင့်လည်းကောင်း မွေးမြူရေးလုပ်ငန်းကိုလုပ်ကိုင်မှု အားနည်းသည်။ သို့ဖြစ်ပါ၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ နည်းပညာ၊ မျိုးစိတ်များနှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုများပံ့ပိုးပေးခြင်းဖြင့် ကျေးရွာလူထု၏ ဝမ်းစာဖူလုံမှုနှင့် အလုပ်အကိုင်ရှားပါးမှု ပြဿနာများကို ကူညီဖြေရှင်းပေးနိုင် သည်။

## (ဂ) စိုက်ပျိုး/ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ အရောင်းအဝယ်၊ သစ်၊ တောထွက်ပစ္စည်းလုပ်ငန်းနှင့် နေ့စားလုပ်ငန်းတို့ဖြစ်ကြသည်။ လက်လုပ်လက်စားမိသားစုများမှာ ရာသီဥတုအခြေအနေပေါ်တွင်မူတည်ပြီး အချိန်ကာလအလျောက် လုပ်ငန်းအမျိုးအစားကို ပြောင်းလဲလုပ်ကိုင်ကြသည်။ စိုက်ပျိုးရေးရာသီချိန်တွင် ပုဂ္ဂလိကစိုက်ခင်းများမှ လက်လုပ်လက်စားများအား ဈေးပြိုင်ပေးလုပ်သားခေါ်ယူခြင်းရှိပြီး လုပ်သားရှားပါးခြင်းကြောင့် လက်လုပ်လက်စားများအတွက် အဆင်ပြေကြသည်။ ကျန်အချိန်များတွင် အလုပ်အကိုင်ရှားပါးခြင်း၊ ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သူ(၅၁.၄၇)%ရှိပြီး ကျေးရွာအတွက်လူ့စွမ်းအားအရင်းအမြစ် အသင့်အတင့်ကောင်းသည်ဟုဆိုနိုင်သည်။မြို့ပေါ်တွင်အသက်မွေးဝမ်းကျောင်းသင်တန်းအချို့ကိုဝန်ဆောင်မှုရှိသော်လည်း အချိန်ပေးနိုင်မှုအားနည်းခြင်း၊ စားဝတ်နေရေးအခြေအနေကြောင့် ရွာသားအများစုသည် အဆိုပါသင်တန်းများသို့ တက်ရောက်နိုင်ခြင်းမရှိချေ။

## (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

ကျေးရွာတောင်ခြေရှိအဓိကချောင်းမှာအထက်ချောင်းဖျားတွင် သတ္တုဆေးကြောသည့်ရေများ ပါဝင်စီးမျောနေသောကြောင့် အသုံးမဝင်သည့်အပြင် ရွာအတွက်အန္တရာယ်ရှိနေပါသည်။ အိမ်ထောင်စုအများစုမှာ  တောင်ကျချောင်းရေကိုသာ အဓိကထားအသုံးပြုကြရသည်။ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ဗူးခွံ၊ ပုလင်းခွံများ စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများဖြင့်တင်ဆောင်ရွက်ပေးသင့်သည်။

တောင်တန်းထူထပ်သောဒေသဖြစ်ခြင်း၊ကုန်တွင်းပိုင်းဖြစ်ခြင်းတို့ကြောင့်မုန်တိုင်းအန္တရာယ်နည်းပါးပြီး အားပျော့သောမုန်တိုင်းများသာ ဝင်ရောက်လေ့ရှိသည်။ ထိခိုက်မှုနည်းပါးသည်။ ထင်းလောင်စာအသုံးပြုမှု၊ အိမ်ထောင်စုလိုအပ်ချက်များအတွက် အသုံးပြုရန်ခုတ်ယူမှုများနှင့် သတ္တုတူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်မှုတို့ကြောင့် ပတ်ဝန်းကျင်ရှိသစ်တောများမှာ သိသိသာသာပြုန်းတီးလျက်ရှိပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် အစိုးရစိုက်ပျိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေကို ရယူသုံးစွဲလိုသော်လည်း လယ်ယာမြေပိုင်ဆိုင်မှု ပုံစံ(၇)မရရှိသေးသည့်အတွက် အခက်အခဲရှိပါသည်။ ကျေးရွာတွင် ပုဂ္ဂလိကငွေချေးလုပ်ငန်းများလည်းမရှိကြောင်းတွေ့ရပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် တွဲဖက်မူလတန်းကျောင်းတစ်ကျောင်းသာရှိပါသည်။ ဆရာ/မများနေထိုင်ရန်ဝန်ထမ်းအိမ်ယာမရှိပါ။ ကျောင်းသုံးပရိဘောဂများလည်း လိုအပ်မှုရှိသည်။ ပညာရေးနှင့်ပတ်သတ်သော ဘက်စုံဖွံဖြိုးလုပ်ငန်းများ လုပ်ဆောင်ပေးရန်များစွာလိုအပ်လျက်ရှိပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိသည့်အတွက် ကျန်းမာရေးဝန်ဆောင်မှု အားနည်းလျက်ရှိသည်။

တောင်ကျချောင်းရေကိုသာ သောက်ရေ၊ သုံးရေအဖြစ်အစိကထား အသုံးပြုကြသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာအသုံးမပြုကြသည့်အတွက် လူနေမှုအဆင့်နှင့် ကျန်းမာရေးအသိနိမ့်ကျနေပါသည်။

## (ဆ) လူငယ်နှင့်ယဉ်ကျေးမှု

ကျေးရွာတွင် လူငယ်များအပန်းဖြေအနားယူနိုင်သည့် နေရာများမရှိပါ။ လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှုရှိသော်လည်း အလုပ်အကိုင်ရှားပါးခြင်း၊ စနစ်တကျပျိုးထောင်မှုလိုအပ်နေခြင်း၊ လူငယ်စွမ်းဆောင်ရည်မြှင့်သင်တန်းများလက်လှမ်းမမီခြင်း၊ ကိုယ်တိုင်ဦးဆောင်မှုအပိုင်းတွင် မပါဝင်နိုင်ခြင်း၊ ကြောက်ရွံ့အားငယ်တတ်ခြင်း၊ တာဝန်ယူမှုအားနည်းခြင်း၊ မပွင့်လင်းခြင်းတို့ကြောင့် လူငယ်၏အခန်းကဏ္ဍသည် မှေးမှိန်လျက်ရှိသည်။ လူငယ်ဦးဆောင်ပြုလုပ်သော ရိုးရာပွဲများမရှိသလောက်ပင်။ ကျေးရွာတွင် အစဉ်အဆက်က လုပ်ဆောင်ထိန်းသိမ်းလာခဲ့ကြသော အချို့

ရိုးရာယဉ်ကျေးမှုအစဉ်အလာများ အယူသည်းရေးရိုးစွဲ ကျေးရွာဦးဆောင်များအချို့ကြောင့် ပျောက်ကွယ်မှုများရှိခဲ့သည်။ လူငယ်များ ကျေးရွာ၏ လူမှုရေး၊ ဘာသာရေး၌ အထိုက်အလျောက် သာပါဝင်မှုရှိသည်။ ကိုယ်တိုင်ဦးဆောင်ပါဝင်မှုမရှိဘဲ မိမိကိုယ်ကို ယုံကြည်မှုအားနည်းသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်များ စိတ်ဝင်စားမှုအားနည်းနေကြသည်။

ကျေးရွာ၏အနာဂတ်ခေါင်းဆောင်များဖြစ်ကြသော လူငယ်လူရွယ်များ၏ ခံယူချက်၊ ရပ်တည်ချက်များ၊ အခြေခံပညာနှင့် ကျွမ်းကျင်ပညာရပ်များ၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့် အကျင့်စာရိတ္တများ ပိုမိုကောင်းမွန်လာစေရန် ဘက်ပေါင်းစုံမှ ပြုစုပျိုးထောင်ထိန်းသိမ်းပေးရန် အထူးလိုအပ်လျက်ရှိသည်။ လူငယ်များအသိပညာဖွံ့ဖြိုးရေး၊ စွမ်းဆောင်မှု စွမ်းရည်မြှင့်တင်ပေးရေး အတွက် လူငယ်စွမ်းဆောင်ရည်မြှင့်သင်တန်းများ အခါအားလျော်စွာ ဖွင့်လှစ်ပေးခြင်း အသိပညာပေးဟောပြောပွဲများ နှစ်စဉ်ပြုလုပ်ပေးရန်လိုအပ်သည်။ လူငယ်များအတွင်း စာဖတ်တတ်သော အလေ့အထ ထွန်းကားလာစေရန်နှင့် စာပေချစ်မြတ်နိုးတတ်သော အကျင့်ကောင်းများ ဖြစ်ထွန်းပေါ်ပေါက်လာစေရန် ဝန်ကြီးဌာနများမှ အထောက်အပံ့ကောင်းများ၊ ဝန်ဆောင်မှုများ လိုအပ်နေပါသည်။

**(၉) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာသည် ချီဖွေ-ဇီမော် လမ်းမကြီးပေါ်တည်ရှိပြီး မြို့နယ်အတွင်း အခြားကျေးရွာများသို့ ကား၊ ဆိုင်ကယ်တို့ဖြင့် ဆက်သွယ်သွားလာရန် ခက်ခဲပါသည်။ ကျေးရွာတွင်းရှိ လမ်းအားလုံးမှာ မြေသားလမ်းများဖြစ်ကြပြီး ရွာတွင်းလမ်းအရှည် စုစုပေါင်း(၁.၅)မိုင် ခန့်ရှည်လျားသည်။ အခြားဒေသများနှင့် ကုန်သွယ်ရေးအတွက် ကား နှင့် ဆိုင်ကယ်များ ကိုသာ အသုံးပြုကြသည်။ ကျေးရွာတွင် ကား(အိမ်စီး၊ လေးလုံးထိုးအင်ဂျင်တပ် ကုန်တင်ယာဉ်) (၄)စီး၊ တုံဖုန်း (၃)စီး၊ ဆိုင်ကယ်(၆၅) ကို အသုံးပြုလျက်ရှိသည်။

ကျေးရွာတွင် ကျေးရွာမီးလင်းရေးအတွက် တစ်အိမ်ထောင်သုံးဆိုလာများနှင့် တစ်အိမ်ထောင်သုံး အသေးစားရေအားလျှပ်စစ်များကိုတပ်ဆင်အသုံးပြုကြပါသည်။

ကျေးရွာတွင် တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေး လုပ်ဆောင်နိုင်ခြင်းမရှိပါ။

**(၁၀) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ခိုးမှု အနည်းအကျဉ်းဖြစ်လေ့ရှိသည်။ ရွာသားများသည် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးကို အသုံးပြုနိုင်ခြင်းမရှိသေးသည့်အတွက် လိုအပ်သောသတင်းအချက်အလက် နည်းပညာများရရှိရန်မလွယ်ကူပါ။ ကျေးရွာတွင် ဖုန်းလိုင်းဆက်သွယ်မှု မရရှိသေးသဖြင့် ကျေးရွာလူထုတည်ငြိမ်အေးချမ်းရေးနှင့် ဘေးကင်းလုံခြုံမှုအားနည်းသည်။ မြို့နယ်ရဲစခန်းများနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်မှုမရှိပါ။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအတွက် အစီအစဉ်သီးသန့် ရေးဆွဲထားခြင်းမရှိပါ။

**ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့်အခြေနေများ**

ကျေးရွာလူဦးရေ၏(၅၁.၄၇)%မှာ အလုပ်လုပ်နိုင်သည့်အရွယ်များ ဖြစ်ကြသည်။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရန် မြေလွတ်၊ မြေလတ်၊ မြေရိုင်းများရှိသည်။ တောင်ကျချောင်း နှင့် စိမ့်စမ်းကဲ့သို့သော ရေအရင်းအမြစ်များပေါများပြီး စိုက်ပျိုးရန်အတွက် သင့်တင့်သော မြေဆီ မြေသြဇာရှိသည်။ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သောကြောင့် ကျေးရွာမှ သစ်ကြားသီးနှင့် စောက်ကော်သီးများအဓိကထွက်ရှိသည်။ စနစ်တကျစိုက်ပျိုးထုတ်လုပ်၍ တရုတ်ပြည်ဈေးကွက်သို့ အလွယ်တကူတင်ပို့ရောင်းချနိုင်သော အခွင့်အလမ်းကောင်းများရှိပါသည်။

ကျေးရွာတွင် ဖွံ့ဖြိုးရေးအတွက်အမြင်ရှိသော လူကြီး၊ လူငယ်များပေါင်းစပ်ညှိနှိုင်းကာ ကျေးရွာ၏ ပညာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဖွံ့ဖြိုးမှုအားနည်းနေသော အခြားကဏ္ဍများကိုလည်း ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်သည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

ကျေးရွာရှိစိုက်ပျိုးမြေများမှာ မြေဆီလွှာအသင့်အတင့် ကောင်းမွန်သော်လည်း စိုက်ပျိုးနည်းစနစ်အားနည်းသည့်အပြင် ရေသွယ်ယူရရှိရန် အခက်အခဲများစွာရှိပါသည်။ ထို့ပြင် လုပ်ကိုင်လျက်ရှိသော စိုက်ပျိုးမြေများမှာ ပိုင်ဆိုင်မှုအတွက်စိတ်မချရသည့်အပြင် သွားလာရခက်ခဲသောနေရာများတွင် တည်ရှိနေပါသည်။

မွေးမြူရေးလုပ်ကိုင်ရန်အတွက် မြေနေရာအခက်အခဲရှိသဖြင့် ကြက်၊ ဝက်နှင့် စိတ် အနည်းငယ်သာမွေးမြူနိုင်ကြသည်။

ကျေးရွာတွင်ရွာတွင်းလမ်း(၁)မိုင်အရှည်ရှိပြီး အဓိကအသုံးများသောလမ်းအရှည်ပေ(၃၅၀၀) နီးပါးသာရှိပါသည်။ ကျောက်ချောလမ်းဖြစ်သော်လည်း တောင်ပေါ်ဒေသဖြစ်သဖြင့်မိုးအခါ၌ ရေစီးတိုက်စားမှုကြောင့် နှစ်စဉ်ပြုပြင်နေရပြီး ပွင့်လင်းရာသီတွင်သာ သွားလာအသုံးပြုနိုင်ပါသည်။ ကျေးရွာတွင် သဲ၊ ကျောက်၊ ကားနှင့်လုပ်အားအများအပြားရှိ၍ ကွန်ကရစ်လမ်းအဖြစ် ပြုလုပ်ရန် အဆင်ပြေသော်လည်း ဖွံ့ဖြိုးရေးရန်ပုံငွေရရှိမှု အခက်ခဲရှိပါသည်။ ကျေးရွာတွင် ငွေစုငွေချေးလုပ်ငန်းနှင့်ပတ်သက်၍ အစိုးရ၊ ပုဂ္ဂလိက မည်သည့်အဖွဲ့အစည်းများမှမရှိပါ။

ကျေးရွာတွင်း လူငယ်များ၊ အမျိုးသမီးများသည် ဟောပြောပွဲများ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကျေးရွာလူငယ်

လူရွယ်များ၊ အမျိုးသမီးများကို စွမ်းရည်မြှင့်သင်တန်းများ၊ လူ့အခွင့်အရေးသင်တန်းများ အမျိုးသမီးဆိုင်ရာ သင်တန်းများ၊ စာပေဟောပြောပွဲများ၊ ကျွမ်းကျင်မှုနှင့် အလုပ်အကိုင်သင်တန်း များ ဝန်ဆောင်မှုပေးခြင်းဖြင့် ကျေးရွာ၏အလုပ်အကိုင်ရှားပါးမှု ပြဿနာကို တစ်ဖက်တစ်လမ်းမှ ကူညီဖြေရှင်းနိုင်ပြီး အခြားတစ်ဖက်မှလည်း လူငယ်လူရွယ်များနှင့် အမျိုးသမီးများ၏ အသိပညာ၊ ခံယူချက်၊ ရပ်တည်ချက်များနှင့် အကျင့်စာရိတ္တ ပိုမိုကောင်းမွန်လာစေ၍ ကျေးရွာ၏ လူသားအရင်း အမြစ်ကောင်းများ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးနိုင်သည်။

## ၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး ကျေးရွာအားဖွံ့ဖြိုး တိုးတက်ရေးအတွက် (၅)နှစ်တာကာလကို အောက်ပါအတိုင်း ချမှတ်ဆောင်ရွက်ပါမည်။

က.၁ ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း သက်မွေးပညာသင်တန်းများမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအခြေအနေကို ပိုမိုတိုး တက်မှု ရရှိစေမည်။

က.၂ ကျွန်ုပ်တို့ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် စာတတ်မြောက်မှု၏အရေးပါမှုများကို သိရှိနားလည်အောင်ဆောင်ရွက်ပေးပြီး ပိုမိုကောင်းမွန်သောပညာရေးမှတဆင့် လူငယ်လူရွယ်များ၏ လူသားဆိုင်ရာ စွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ပြန့်လာစေရမည်။

က.၃ ကျွန်ုပ်တို့ရွာလူထုသည် အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာ အခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှု ယန္တရား တိုးတက်လာစေရမည်။

က.၄ ကျွန်ုပ်တို့ရွာလူထုသည် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များမှ လူသားအရင်းအမြစ်ကောင်းများကို အပြည့်အဝအသုံးပြုလျက် တက်ကြွသော လူ့အသိုင်းအဝိုင်း၊ အဖက်ဖက်မှ ဖွံ့ဖြိုးတိုးတက်သော လူမှုဝန်းကျင်တစ်ခုကို အချိန်တိုအတွင်းဖော်ဆောင် အောင်မြင်နိုင်ရမည်။

### (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြပါမည်။

ခ.၁ ကျေးရွာတွင် ငွေအရင်းအနှီး၊ နည်းပညာနှင့် နည်းပညာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း ကို ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ အရင်းအနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီး ငွေရရှိပါက

စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာ သင်တန်းများတက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းပြီးမြောက်ထားသူများမှတဆင့် ရရှိထားသော နည်းပညာများကို ပြန်လည်မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများ အသုံးချကာ ထုတ်လုပ်မှု တိုးတက်စေမည်။

၁.၂ မြေယာပိုင်ဆိုင်မှု၊ ပိုင်ဆိုင်လိုမှု(ပုံစံ-၇)လျှောက်ထားလိုသူများ၏ မြေယာသမိုင်း၊ အချက်အလက်များ၊ နယ်မြေအပိုင်းအခြားများကို တိတိကျကျ ဥပဒေလုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်သွားနိုင်ရန် မြေစာရင်းဌာနသို့ တင်ပြပြီးဆောင်ရွက်သွားပါမည်။ ကျေးရွာ၏ မြေယာကော်မတီကို ကျစ်လစ်ခိုင်မာစွာ ပြန်လည်ဖွဲ့စည်းပြီး မြေယာကိစ္စရပ်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ တိကျစွာ ကိုင်သွယ်ဆောင်ရွက်မည်။ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို စီစစ်၍ ကွဲ/နွားစားကျက်မြေများ ဖော်ဆောင်သွားမည်။ သီးနှံအထွက်တိုးစေရေးအတွက် စိုက်ပျိုးရေးဌာနမှ နည်းပညာနှင့် ဝန်ဆောင်မှုများကို တင်ပြတောင်းခံပြီး စိုက်ပျိုးရေး သွင်းအားစုများ၊ စက်ကိရိယာများ အရစ်ကျ ဝယ်ယူငှားရမ်းအသုံးပြုနိုင်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

၁.၃ ကျေးရွာတွင် အမျိုးသမီးများနှင့် လူငယ်များကို ကျေးလက်ဌာနနှင့် ချိတ်ဆက်၍ အမျိုးသမီးစွမ်းဆောင်ရည်မြှင့်သင်တန်းများ၊ ခေါင်းဆောင်မှုသင်တန်းများ၊ လူ့အခွင့်အရေး သင်တန်းများ၊ အမျိုးသမီးအိမ်တွင်းမှုသင်တန်းများနှင့် ကျွမ်းကျင်မှုနှင့် သက်မွေးဝမ်းကျောင်း သင်တန်းများ ပို့ချသင်ကြားနိုင်ရန်ဆောင်ရွက်ပြီး အမျိုးသမီးနှင့် လူငယ်လူရွယ်အုပ်စုများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်သွားပါမည်။ လူငယ်လူရွယ်များအကြား စာဖတ်သောအလေ့အကျင့် ဖြစ်ထွန်းလာအောင် ဆောင်ရွက်မည်။ ကျန်းမာရေးဌာနနှင့် ချိတ်ဆက်၍ ကျန်းမာရေးဝန်ဆောင်မှုများ၊ လိုအပ်လျက်ရှိသောကျန်းမာရေးဝန်ထမ်းများ၊ဆေးဝါးများအလွယ်တကူရရှိအောင် ဆောင်ရွက်မည်။ ကဏ္ဍပေါင်းစုံမှ လူငယ်လူရွယ်များနှင့် အမျိုးသမီးများအား စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ခေါင်းဆောင်မှုသင်တန်းများ တက်ရောက်စေခြင်း၊ စာရင်းအင်းသင်တန်းများ တက်ရောက်စေခြင်း၊ စာပေဟောပြောပွဲများပြုလုပ်ခြင်း၊ စာဖတ်တတ်သောအလေ့အထထွန်းကားစေခြင်းဖြင့် လူစွမ်းအားအရင်းအမြစ်များ ပိုမိုထွန်းကားလာအောင်ဆောင်ရွက်မည်။ ကျေးရွာအခြေပြုအားလုံး ပါဝင်သောစုပေါင်းဆွေးနွေးညှိနှိုင်းဆောင်ရွက်ခြင်းကိုအခြေခံပြီး လူသားအရင်းအမြစ်ကောင်းများကို အပြည့်အဝအသုံးပြုခြင်းဖြင့် ကျေးရွာ၏ဘက်စုံဖွံ့ဖြိုးတိုးတက်သောအုပ်ချုပ်မှုစနစ်တစ်ခုကို ထူထောင်သွားမည်။ ကျေးရွာတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဌာနနှင့်ချိတ်ဆက်၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေနိုင်သောဆေးဝါးများ၏အကျိုးအပြစ်များနှင့် ဥပဒေ၊ နည်းဥပဒေများ၊ ပြစ်မှုပြစ်ဒဏ်များအား လူငယ်များအကြား အသိပညာပေးလုပ်ငန်း ဆောင်ရွက်မည်။ ကျေးရွာရပ်ကွက်မှစ၍ မူးယစ်ဆေးဝါးလက်လီ၊ လက်ကားရောင်းချသူများကို ဖော်ထုတ်၍ ထိရောက်စွာနှိမ်နှင်းအရေးယူ

ဆောင်ရွက်သွားမည်။ နိုင်ငံတော်အဆင့်မှ မူဝါဒများချမှတ်ပြီး ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် လွှတ်တော်သို့တင်ပြမည်။ အခြားတစ်ဖက်မှလည်း အသိပညာပေးလုပ်ငန်းများ၊ အလုပ်အကိုင်သင်တန်းများပြုလုပ်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လုပ်ဆောင်ပေးနိုင်ရန် ပြန်လည်နေရာချထားရေးဌာနသို့ ချိတ်ဆက်၍ဆောင်ရွက်သွားမည်။ အားကစားနှင့်ယဉ်ကျေးမှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်အား/ကာနှင့် သာထွန်းပြန့်ဦးစီးဌာနတို့နှင့် ချိတ်ဆက်၍ ဘက်စုံဖွံ့ဖြိုးရေးအစီအစဉ်များကိုဆွေးနွေးသွားမည်။ အား/ကာဌာနနှင့် ချိတ်ဆက်၍ လိုအပ်သော နည်းပညာ၊ အားကစားပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ဆွေးနွေးဆောင်ရွက်သွားမည်။ ရက်တို/ရက်ရှည်သင်တန်းများဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးနိုင်ရန် ဆောင်ရွက်သွားမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ

အစိုးရ၏ မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသောအစိုးရဌာနဆိုင်ရာများ နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ တာဝန်ရှိသူများကိုယ်တိုင် ကွင်းဆင်းလေ့လာ၍ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းကို ရှာဖွေဖော်ထုတ် ပေးနိုင်ကြသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စီစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှု သည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိမှုများကို ပြန်လည်စီစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စီစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည် ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) စိုက်ပျိုးမြေများထိရောက်စွာ အသုံးချနိုင်ရေး

ကျေးရွာတွင်မြေဆီမြေဩဇာအသင့်အတင့်ကောင်းမွန်သောစိုက်ပျိုးမြေများ ပေါများပါသည်။ သစ်ကြားသီးနှင့် စောက်ကော်သီးအပြင် ပြောင်းကိုလည်း အနည်းအကျဉ်း စိုက်ပျိုးကြသည်။ အချို့တောင်သူများသည် စိုက်ပျိုးရေးအတွက် စိုက်ပျိုးရေ အလုံအလောက် ရရှိရေးသည် ကျေးရွာတောင်သူများ၏ အဓိကပြဿနာဖြစ်ပြီး ရေတားတမံများတည်ဆောက်ခြင်း၊ ရေသွယ်ပိုက်များထောက်ပံ့ပေးရန် လိုအပ်လျက်ရှိသည်။ တောင်သူများ၏ စိုက်ပျိုးရေး နည်းပညာနှင့် ဝန်ဆောင်မှုများအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးဆောင်ရွက်သင့်ပါသည်။

ကျေးရွာတွင် ဒေသမျိုးစိတ် ကျွဲ၊ နွား၊ ဝက်နှင့် စိတ်များတနိုင်တပိုင် မွေးမြူကြပြီး စီးပွားဖြစ်မွေးမြူလိုသူများနှင့် ကိုယ်တိုင်စမ်းသပ်မွေးမြူလိုသူများအတွက် ငွေကြေး၊ နည်းပညာနှင့် ဝန်ဆောင်မှုများ လိုအပ်လျက်ရှိသည်။ ကျေးရွာ၏ စိုက်ပျိုးရေးလုပ်ငန်းအပြင် တွက်ခြေကိုက်သော မွေးမြူရေးလုပ်ငန်းများတိုးတက်လာရန် ဆောင်ရွက်ခြင်းဖြင့် ကျေးရွာ၏အလုပ်အကိုင်နှင့် ဝင်ငွေရလမ်းတိုးလာပေမည်။ သို့ပါ၍ ကျေးရွာ၏ မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန် မွေးမြူရေးဌာနမှ ဦးစီးဆောင်ရွက်သင့်ပါသည်။

## (ဂ) အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကျေးရွာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာကောင်းများရှိပြီး လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းကောင်းများ အမြတ်အစွန်းများရှိနိုင် သည်။ ဆိုင်ကယ်ပြင်သင်တန်း၊ လက်သမားသင်တန်း၊ ပန်းရံသင်တန်းနှင့် စက်ချုပ်သင်တန်း၊ အခြားအိမ်တွင်းမှုသင်တန်းများစသည့် အသက်မွေးဝမ်းကျောင်းသင်တန်းများနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများလက်လှမ်းမီမှု အားနည်းသည်။ ကျွန်ုပ်တို့ကျေးရွာတွင် ရေ၊ မြေတောတောင်မှ ထွက်သောထုတ်ကုန်များကိုသာ အားထားနေရသောကြောင့် ရေရှည်တွင် ကျေးရွာ၏သယံဇာတများ ကုန်ခမ်းဖွယ်အကြောင်းရှိနေသည်။ ကျေးရွာ၏ ဈေးကွက်၊ နည်းပညာနှင့် သတင်းအချက်အလက်များ လက်လှမ်းမီမှုအားနည်းလျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကျေးရွာ၏ လက်ရှိလုပ်ငန်းများအား အသက်မွေးဝမ်းကျောင်းပညာရပ်များနှင့်စက်မှုလက်မှုလုပ်ငန်းများဖြင့် အစားထိုးဆောင်ရွက်ပေးရန် လိုအပ်သည်။

## (ဃ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်း

ကျေးရွာတွင် ငွေစုငွေချေးလုပ်ငန်းနှင့်ပတ်သက်၍ အစိုးရ၊ ပုဂ္ဂလိ မည်သည့်အဖွဲ့အစည်းများမှမရှိပါ။

## (င) အခြေခံအဆောက်အဦများ

ကျေးရွာ၏အစဉ်အလာအရအုပ်ချုပ်သောအုပ်ချုပ်မှုစနစ်တွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်ခွဲဝေမှု၊ လူထုအားလုံးကို ကိုယ်စားမပြုမှုများရှိနေသည့်အလျောက် ယခုရေးဆွဲသော စီမံချက်များကို အကောင်အထည်ဖော်နိုင်ရန် နှောင့်နှေးနိုင်ဖွယ်ရှိပါသည်။ သို့ဖြစ်၍ အုပ်ချုပ်မှုစနစ်သည် ကျေးရွာ၏ အကြီးမားဆုံး  အခြေခံလိုအပ်ချက်တစ်ခုအဖြစ်ရှိသည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ထို့ကြောင့် စီမံချက်များသည် (၅)နှစ်တာကာလအတွင်းချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုမှ (၅)နှစ်တာကာလအတွက် ဝိုင်းဝန်းပါဝင်ပြီး ဦးစားပေးဖော်ထုတ်ခဲ့ကြသော စီမံချက်များသည် အစစအရာရာ ပြီးပြည့်စုံသည့် စီမံချက်များဟု မဆိုနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် (၂)နှစ်၊ (၃)နှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း (၅)နှစ်တာကာလ တစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် (၅)နှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်ဆုံးရှုံးမှုများ မပေါ်ပေါက်လာပါက ပြောင်းလဲမှုအများအစား မရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် (၅)နှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မှုအတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုအမျိုးအစားကို အခြေခံ၍စီမံချက်ကိုအုပ်စုခွဲခြင်း

စီမံကိန်းများ၊ စီမံချက်များနှင့် စီမံကိန်းဆိုင်ရာအချက်အလက်များကို စီစစ်စိပ်ဖြာနိုင်ရန် လုပ်ငန်းဆိုင်ရာနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း(Functional Classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင် သည်။ ရင်းနှီးမှု အမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် မြင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုပါသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic Classification) ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ပြထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Economic Classification)တွင်

- သာမန်အသုံးစရိတ်

- ငွေလုံးငွေရင်း
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ပါဝင်ပါသည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြားစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ၊ ဦးစားပေးအစီအစဉ်များကို ဖော်ထုတ်ထားပါသည်။ အချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

## ကျေးရွာဖွံ့ဖြိုးရေးအတွက် သဘောတူသတ်မှတ်ထားသောဦးစားပေးစီမံချက်များ

| စဉ် | အကြောင်းအရာ/ကဏ္ဍ | ရမှတ်ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | စိမ့်စမ်းရေသွယ်ယူခြင်းနှင့်ရေကန်(၂) ကန်တည်ဆောက်ခြင်းလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း | ၉၄ | ၁ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီ မှ ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ | ကျေးလက်ဦးစီးဌာန |
| ၂ | စာသင်ကျောင်းသွားလမ်း ကွန်ကရစ်ခင်းခြင်း | ၉၂ | ၂ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီ မှ ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ | ကျေးလက်ဦးစီးဌာန |
| ၃ | ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း | ၉၀ | ၃ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီ မှ ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ | ကျေးလက်ဦးစီးဌာန |
| ၄ | ကျောင်းခြံစည်းရိုးကာရန်ခြင်း | ၈၈ | ၄ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီ မှ ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ | ကျေးလက်ဦးစီးဌာန |
| ၅ | ကျေးရွာတွင်းဆိုင်ကယ်လမ်းဖောက်လုပ်ခြင်း | ၈၆ | ၅ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီ မှ ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ | ကျေးလက်ဦးစီးဌာန |

| | | | | | |
|---|---|---|---|---|---|
| ၆ | ကျေးရွာတွင်းလမ်း ရေနုတ်မြောင်းတူး ဖော်ခြင်းလုပ်ငန်း | ၈၄ | ၆ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီ မှ ကျေးလက်ဦး စီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ | ကျေးလက်ဦးစီးဌာန |
| **စဉ်** | **အကြောင်းအရာ/ကဏ္ဍ** | **ရမှတ်ပေါင်း** | **ဦးစားပေး အဆင့်** | **ဖော်ပြချက်** | **မှတ်ချက်** |
| ၇ | မူးယစ်ဆေးဝါးတိုက်ဖျက် ရေးဆောင်ရွက်ခြင်း | ၈၂ | ၇ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီ မှ ကျန်းမာရေး ဌာနနှင့် ချိတ်ဆက်၍ လက်ကမ်းစာစောင်များ ဝေခြင်း၊ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်းတို့ဆောင်ရွက်သွားမည်။ | ကျေးလက်ကျန်းမာ ရေးဌာန |
| ၈ | စာကြည့်တိုက် ဖွင့်လှစ် ပေးခြင်းနှင့် စာပေဟော ပြောပွဲများ ပြုလုပ်ပေးခြင်း | ၈၀ | ၈ | ကျေးရွာတွင်စာကြည့်တိုက်ဆောက်လုပ်ရန် မြေနေရာသတ်မှတ်ပြီးပါကမြို့နယ်ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့နှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ | ပြန်/ဆက် ဌာန |
| ၉ | ကျေးရွာအဆင့်၊ ဖူဆယ် ဘောလုံး၊ခြင်းလုံးပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးခြင်း | ၇၈ | ၉ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှအား/ကာဦးစီး ဌာန နှင့် ချိတ်ဆက်၍ပြိုင်ပွဲများပြုလုပ်ဆောင် ရွက်သွားမည်။ | အား/ကာဦးစီးဌာ န |
| ၁၀ | ကူးစက်ရောဂါအကြောင်း အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း | ၇၆ | ၁၀ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီ မှ ကျန်းမာရေးဦး စီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ | ကျန်းမာရေးဦးစီးဌာန |

| | | | | | |
|---|---|---|---|---|---|
| ၁၁ | ကျေးရွာအားကစားကွင်း နေရာ ပြုလုပ်ပေးခြင်း | ၇၆ | ၁၀ | ကျေးရွာအားကစားကွင်းဆောက်လုပ်နိုင်ရေး အတွက် မြေနေရာရရှိမှုသေချာအောင် မြေစာရင်းဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်။ | မြေစာရင်းဌာန |
| ၁၂ | ခုခံအားကျဆင်းမှုရောဂါ တိုက်ဖျက်ရေးဆောင်ရွက်ခြင်း | ၇၄ | ၁၁ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီ မှ ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ | ကျန်းမာရေးဦးစီးဌာန |
| ၁၃ | မူးယစ်ဆေးဝါးရောင်းဝယ် စိုက်ပျိုးခြင်းအားဖမ်းဆီး အရေးယူခြင်း | ၇၄ | ၁၁ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက် သွားမည်။ | မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာန |
| ၁၄ | ကျောင်းဆောက်ပေးခြင်း | ၇၂ | ၁၂ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီ မှ ပညာရေးဌာန နှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ | ပညာရေးဌာန |
| ၁၅ | ဆရာ၊မိဘ၊ကျောင်းသား တွေ့ဆုံပွဲစုံညီပွဲတော်များ ပြုလုပ်ပေးခြင်း | ၇၀ | ၁၃ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ ပညာရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက် သွားမည်။ | ပညာရေးဌာန |
| ၁၆ | လိုအပ်သည့် ဆေးဝါးများ ထောက်ပံ့ပေးခြင်း | ၇၀ | ၁၃ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီ မှ ကျန်းမားရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ | ကျန်းမားရေးဦး စီးဌာန |
| ၁၇ | ကျောင်းပရိဘောဂ သင်ထောက်ကူပစ္စည်း အပြည့်အစုံပံ့ပိုးပေးခြင်း | ၆၈ | ၁၄ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီ မှ ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ | ကျေးလက်ဦး စီးဌာန |
| ၁၈ | ကျောင်းအားကစားကွင်း ကောင်းစွာလုပ်ပေးခြင်း | ၆၆ | ၁၅ | ကျေးရွာအားကစားကွင်းဆောက်လုပ် နိုင်ရေးအတွက် မြေနေရာရရှိမှုသေချာ | အား/ကာဦးစီးဌာ န |

| | | | | | |
|---|---|---|---|---|---|
| | | | | ခိုင်မာပါက အားကစားကွင်းတည်ဆောက်နိုင်ရေးအတွက် အားကစားဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ | |
| ၁၉ | လူငယ်ဖွံ့ဖြိုးရေးနှင့် ဘာသာရေးသင်တန်းများ ဖွင့်လှစ်ပေးခြင်း | ၆၄ | ၁၆ | ကျေးလက်ဦးစီးဌာနမှသက်/မွေးသင်တန်းများဖွင့်လှစ်ပေးနိုင်အောင် တိုက်တွန်းဆောင်ရွက်သွားမည်။ | ကျေးလက်ဦးစီးဌာန |
| ၂၀ | စိုက်ပျိုးရေးဌာနမှ စိုက်ပျိုးရေးနည်းပညာများပံ့ပိုးပေးခြင်း | ၆၂ | ၁၇ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီ မှ စိုကပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ | စိုက်ပျိုးရေးဦးစီးဌာန |
| ၂၁ | ကျေးရွာအုပ်ချုပ်ရေးပိုင်းတွင် ဌာနဆိုင်ရာများမှ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း | ၅၈ | ၁၈ | ပညာရေးကျန်းမာရေးဌာနတို့နှင့်ချိတ်ဆက်၍ဟောပြောပွဲများပြုလုပ်ဆောင်ရွက်သွားမည်။ | ပညာရေးဌာန |
| ၂၂ | ရေသွယ်တန်းပိုက်များ လှူဒါန်းထောက်ပံ့ပေးခြင်း | ၅၈ | ၁၈ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီ မှ ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ | ကျေးလက်ဦးစီးဌာန |

## (ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံ ကိန်းကာလ အပိုင်းအခြားများကို အောက်ပါ ဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | အကြောင်းအရာ | အဆင့် | ၂၀၂၀ | ၂၀၂၁ | ၂၀ |
|---|---|---|---|---|---|
| ၁ | စိမ့်စမ်းရေသွယ်ယူခြင်းနှင့်ရေကန်(၂)ကန်တည်ဆောက်ခြင်းလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်း | ၁ | - | | |
| ၂ | စာသင်ကျောင်းသွားလမ်း ကွန်ကရစ်ခင်းခြင်း | ၂ | | - | |
| ၃ | ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း | ၃ | - | | |
| ၄ | ကျောင်းခြံစည်းရိုးကာရန်ခြင်း | ၄ | | - | |
| ၅ | ကျေးရွာတွင်းဆိုင်ကယ်လမ်းဖောက် လုပ်ခြင်း | ၅ | | - | |
| ၆ | ကျေးလက်အိမ်ရာများ ဆောက်လုပ်ပေးခြင်း | ၆ | | - | |
| ၇ | မူးယစ်ဆေးဝါးတိုက်ဖျက် ရေးဆောင်ရွက်ခြင်း | ၇ | - | - | - |
| ၈ | စာကြည့်တိုက် ဖွင့်လှစ် ပေးခြင်းနှင့် စာပေဟော ပြောပွဲများ ပြုလုပ်ပေးခြင်း | ၈ | | - | - |
| ၉ | ကျေးရွာအဆင့်၊ ဖူဆယ် ဘောလုံး၊ခြင်းလုံးပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးခြင်း | ၉ | - | - | - |

| စဉ် | အကြောင်းအရာ | အဆင့် | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ |
|---|---|---|---|---|---|---|---|

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁၀ | ကူးစက်ရောဂါအကြောင်း အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း | ၁၀ | - | - | - | - | |
| ၁၁ | ကျေးရွာအားကစားကွင်း နေရာ ပြုလုပ်ပေးခြင်း | ၁၀ | | | - | | |
| ၁၂ | ခုခံအားကျဆင်းမှုရောဂါ တိုက်ဖျက်ရေးဆောင်ရွက် ခြင်း | ၁၁ | - | - | - | - | - |
| ၁၃ | မူးယစ်ဆေးဝါးရောင်းဝယ် စိုက်ပျိုးခြင်းအားဖမ်းဆီး အရေးယူခြင်း | ၁၁ | - | - | - | | |
| ၁၄ | ကျောင်းဆောက်ပေးခြင်း | ၁၂ | | | - | | |
| ၁၅ | ဆရာ၊မိဘ၊ကျောင်းသား တွေ့ဆုံပွဲ စုံညီပွဲတော်များ ပြုလုပ်ပေးခြင်း | ၁၃ | - | - | - | - | - |
| ၁၆ | လိုအပ်သည့်ဆေးဝါးများ ထောက်ပံ့ပေးခြင်း | ၁၃ | - | - | | | |
| ၁၇ | ကျောင်းပရိဘောဂ သင်ထောက် ကူပစ္စည်းအပြည့်အစုံပံ့ပိုးပေးခြင်း | ၁၄ | | | - | | |
| ၁၈ | ကျောင်းအားကစားကွင်း ကောင်းစွာလုပ်ပေးခြင်း | ၁၅ | | | - | | |
| ၁၉ | လူငယ်ဖွံ့ဖြိုးရေးနှင့် ဘာသာ ရေးသင်တန်းများဖွင့်လှစ်ပေးခြင်း | ၁၆ | - | - | - | - | - |
| ၂၀ | စိုက်ပျိုးရေးဌာနမှစိုက်ပျိုးရေး နည်းပညာများပံ့ပိုးပေးခြင်း | ၁၇ | - | - | - | | |
| ၂၁ | ကျေးရွာအုပ်ချုပ်ရေးပိုင်းတွင် ဌာနဆိုင်ရာများမှ အသိပညာ ပေးဟောပြောပွဲများ ပြုလုပ်ခြင်း | ၁၈ | - | - | - | - | - |
| ၂၂ | ရေသွယ်တန်းပိုက်များ လှူဒါန်းထောက်ပံ့ပေးခြင်း | ၁၈ | | | | | - |

**ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်သွားမည့် ဦးစားပေးလုပ်ငန်းစီမံချက်များ**

| စဉ် | ဘဏ္ဍာရေးနှစ် | ဦးစားပေးလုပ်ငန်းစီမံချက်များ | မှတ်ချက် |
|---|---|---|---|
| ၁ | ၂၀၂၀-၂၀၂၁ | စိမ့်စမ်းရေသွယ်ယူခြင်းနှင့်ရေကန်(၂)ကန်တည်ဆောက်ခြင်းလုပ် ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း | ကျေးလက်ဦးစီးဌာန |
| ၂ | ၂၀၂၁-၂၀၂၂ | စာသင်ကျောင်းသွားလမ်း ကွန်ကရစ်ခင်းခြင်း | ကျေးလက်ဦးစီးဌာန |
| ၃ | ၂၀၂၂-၂၀၂၃ | ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း | ကျေးလက်ဦးစီးဌာန |
| ၄ | ၂၀၂၄-၂၀၂၅ | ကျောင်းခြံစည်းရိုးကာရန်ခြင်း | ကျေးလက်ဦးစီးဌာန |
| ၅ | ၂၀၂၅-၂၀၂၆ | ကျေးရွာတွင်းဆိုင်ကယ်လမ်းဖောက် လုပ်ခြင်း | ကျေးလက်ဦးစီးဌာန |

## ၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင်ဖော်ပြထားသောစီမံချက်အလိုက်ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာအဖြစ်ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သောဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှဘတ်ဂျက်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေးအကူအညီများရရှိရန် လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သောထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု ဥပမာ- လုပ်အား၊ သဲ၊ ကျောက် ပစ္စည်းကရိယာ၊ အချိန်စသည့်)

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှုပ်နှံမှုအရ အုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | လူသားချင်းစာနာမှုအထောက်အပံ့ |
| ၁ | စိမ့်စမ်းရေသွယ်ယူခြင်း လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်း | | | Â | | |
| ၂ | ကျေးရွာ အားကစားကွင်းဖောက်လုပ်ခြင်း | | | Â | | |
| ၃ | ကျေးရွာတွင်းရာသီမရွေးသွားလာနိုင်သောကွန်ကရစ်လမ်းဆောက်လုပ်ပေးခြင်း | | | Â | | |
| ၄ | ကျောင်းခြံစည်းရိုးကာရန်ခြင်း | | | Â | | |
| ၅ | ကျေးရွာတွင်းဆိုင်ကယ်လမ်း ဖောက် လုပ်ခြင်း | | | Â | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင် တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိက ယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်း များဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်း ကျောင်းခွဲ၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာတောင်ယာကုန်ထုတ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင် ရွက်စေခြင်းဖြစ်ပါသည်။

### (၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းအထောက်အကူပြု လမ်းအဆင့်မြှင့်တင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဆောက်လုပ်ရေး ဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

### (၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါ အဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှု ဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

**၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း**

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖေါ်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖေါ်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

## (၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်; ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီ အသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက် အလက်များ(Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက် များပေါ်မူတည်၍ တိုးတက်မှုကို တိုင်းတာသည့် အညွှန်းကိန်း(indicator)ကို တည်ဆောက်ရ ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံ တင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

**(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)**

- စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့် သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ၊

**(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)**

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက် များကို

အဓိကထားဖော်ပြပါမည်။ ငွေအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားရင်း အခြေခံသတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရပါမည်။

ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သော အကူအညီအထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

**(၁၁-၂ ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ**

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုတို့ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှအကြံပြုချက်နှင့်သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

နောက်ဆက်တွဲ ၁

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

### (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏% |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၈ | ၅ | ၁၃ | ၃.၄၈% |
| ၁ နှစ်မှ ၅နှစ်အောက် | ၅နှစ်အောက်ကလေးငယ် | ၁၁ | ၁၂ | ၂၃ | ၆.၁၆% |
| ၅ နှစ်မှ ၉နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၂၉ | ၂၁ | ၅၀ | ၁၃.၄၀% |
| ၉ နှစ်အထက်မှ ၁၄နှစ် အထိ | အလယ်တန်းကျောင်းသား အရွယ် | ၁၅ | ၁၆ | ၃၁ | ၈.၃၁% |
| ၁၄ နှစ်အထက်မှ ၆၀နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၉၄ | ၉၈ | ၁၉၂ | ၅၁.၄၇% |
| ၆၀ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၃၇ | ၂၈ | ၆၅ | ၁၇.၄၂% |
| **စုစုပေါင်း လူဦးရေ** | | **၁၉၄** | **၁၇၉** | **၃၇၃** | **၁၀၀%** |
| **စုစုပေါင်း အိမ်ထောင်စု - ၅၂** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၇.၁၂%** | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။
ရည်ညွှန်း..ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ

**မှတ်ချက်။** ။ အသက်အုပ်စု ၁ နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှ အသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁ နှစ်မှ ၄ နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅ နှစ်မှ ၉ နှစ်ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီအရွယ်၊ ၁၀ နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် ၁၅ နှစ်မပြည့်မီအရွယ်၊ ၁၅ နှစ်မှ ၆၄ နှစ်ဆိုသည်မှာ အသက် (၁၅) နှစ်ပြည့်သည်မှ အသက် (၆၅) နှစ် မပြည့်မီ အရွယ်၊ အသက် ၆၅ နှစ်နှင့်အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့် ၄င်းထက်အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၅၂) မှ လူဦးရေပေါင်း (၃၇၃) ( က ၁၉၄ + မ ၁၇၉)ရှိသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ(၇.၁၂)ရှိသဖြင့် မြန်မာနိုင်ငံ၏စံနှုန်းဖြစ်သော တစ်အိမ်ထောင်ပျမ်းမျှလဦးရေတိုးပွါးမှု ၅ ယောက်နှုန်းအထက် ရှိနေသည်ကိုတွေ့ရပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သောအရွယ် လူဦးရေမှာ ၅၄ ဦး(၅၁.၄၇ %) ရှိပြီး၊ မှီခိုသူဦးရေမှာ ၁၈၁ ဦး (၄၈.၅၂ %) ရှိသောကြောင့် ကျေးရွာ၏ အလုပ်လုပ်နိုင်သောအရွယ် လူဦးရေမှာ အသင့်အတင့် ရှိသည်ကို တွေ့ရပါသည်။ အလုပ်လုပ်နိုင်သောအရွယ်တွင် အမျိုးသားအလုပ်လုပ် နိုင်သော လူဦးရေမှာ အမျိုးသမီးဦးရေထက် ၄ ဦး၊ ၁.၀၂% ပိုများသည်ကိုလည်း တွေ့ရပါသည်။

## (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄၆ | ၇၂ | | လတ် |
| | အလုပ်သမား/ ဝန်ထမ်း | ၂ | ၉ | | နိမ့် |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၉ | | နိမ့် |
| | အလုပ်သမား/ ဝန်ထမ်း | | | | |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား/ ဝန်ထမ်း | | | | |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား/ ဝန်ထမ်း | | | | |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား/ ဝန်ထမ်း | | | | |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား/ ဝန်ထမ်း | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား/ ဝန်ထမ်း | | | | |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၂ | | |
| | အလုပ်သမား/ ဝန်ထမ်း | | | | |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၂ | ၂ | နိမ့် |
| | အလုပ်သမား/ ဝန်ထမ်း | | | | |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား/ ဝန်ထမ်း | | | | |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၇ | | နိမ့် |
| | အလုပ်သမား/ ဝန်ထမ်း | | | | |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား/ ဝန်ထမ်း | | | | |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား/ ဝန်ထမ်း | | | | |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား/ ဝန်ထမ်း | | | | |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား/ ဝန်ထမ်း | | | | |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား/ ဝန်ထမ်း | | | | |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား/ ဝန်ထမ်း | | | | |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား/ ဝန်ထမ်း | | | | |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား/ ဝန်ထမ်း | | | | |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | နိမ့် |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား/ ကျပန်း /ရာသီအလိုက် အလုပ်သမား | ၃ | ၆ | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား/ ဝန်ထမ်း | | | | |
| | **စုစုပေါင်း** | | | | ☒ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။
ရည်ညွှန်း..ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၄-၂၅ ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၇ နှစ်)

**မှတ်ချက်။** ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ" အရေအတွက်တွင် "မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ "ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)" ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -"စိုက်ပျိုးရေး" ကဏ္ဍ၏ "ကိုယ်ပိုင်လုပ်ငန်း"တွင် ရပ်တည်နိုင်မှု "မြင့်" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေး လုပ်ငန်းဖြစ်သည်။ ကျေးရွာရှိ အိမ်ခြေစုစုပေါင်း (၅၂) ရှိသည့်အနက် အများစုဖြစ်သောအိမ်ခြေ (၄၆) မှာ စိုက်ပျိုးရေးလုပ်ငန်းအဓိကလုပ်ကိုင်ကြရပြီး အခြားစီးပွားရေးလုပ်ငန်းများမှာ မွေးမြူရေး၊ အရောင်းအဝယ်၊ ကျပန်းလုပ်ငန်းများကို လုပ်ကိုင်လျှက်ရှိကြောင်း တွေ့ရှိရပါသည်။

## (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၁၅၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - | |
| ၃ | ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | - | - | - | - | |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | ၂၀၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - | |
| ၆ | ဆောက်လုပ်ရေး၊ လက်သ မား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၅၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | - | - | - | - | - | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလုပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | - | - | - | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

ရည်ညွှန်း..ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ

**မှတ်ချက်**(၁) လစာစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စိုက်ပျိုးရေးခြံလုပ်ငန်း ကျား အများဆုံး ၁၅၀၀၀ကျပ် အနည်းဆုံး ၁၀၀၀၀ကျပ်၊ မ အများဆုံး ၁၂၀၀၀ကျပ် အနည်းဆုံး ၈၀၀၀ကျပ် ၊ သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်းလုပ်ငန်း ကျား အများဆုံး ၂၀၀၀၀ကျပ် အနည်းဆုံး ၁၈၀၀၀ကျပ် ၊ မ အများဆုံး ၁၉၀၀၀ကျပ် အနည်းဆုံး ၁၇၀၀၀ကျပ် ၊ ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း ကျား အများဆုံး ၁၅၀၀၀ကျပ် အနည်းဆုံး ၁၀၀၀၀ကျပ်၊ မ အများဆုံး ၁၂၀၀၀ကျပ် အနည်းဆုံး ၈၀၀၀ ကျပ် ရရှိပြီး သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်းလုပ်ငန်းတွင် နေ့စားခကို တရုတ်ငွေ (၁၀၀ မှ ၁၅၀)ထိ ရရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၈) သဘာဝ ရင်းမြစ်များ**

**(၈-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၉၈ | နိမ့် |
| ယာမြေ /တောင်ယာ | ၂၅ | သင့် |
| ဥယျာဉ်ခြံမြေ | ၁၉ | သင့် |
| အိမ်ခြံဝင်း စိုက်ခင်း | - | - |
| နှစ်ရှည်သီးနှံစိုက်ခင်း | ၂၃ | |
| ရွှေ့ပြောင်းတောင်ယာမြေ | - | - |
| ကိုင်း/ကျွန်းမြေ | - | - |
| စားကျက်မြေ | - | - |
| မြေလွတ်မြေလပ် | ၁၀ | သင့် |
| **စုစုပေါင်း** | ၈၄ | ☒ |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

ရည်ညွှန်း..ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ

**မှတ်ချက်။** ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင် နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ မြေလွတ်မြေလပ်(၁၀ဧက) ခန့်ရှိပြီး စောက်ကော်သီး နှင့် သစ်ကြားသီး တို့ကိုအဓိက စိုက်ပျိုးကြောင်းတွေ့ရှိရပါသည်။ တောင်ယာစိုက်ဧက(၂၅)တွင် ပြောင်းသီးနှံများကို အဓိကထား စိုက်ပျိုးကြပါသည်။ စိုက်ပျိုးရေ အဖြစ် တောင်ကျချောင်းရေကိုသာ အားထားနေရပါသည်။ ချောင်းရေသုံးစွဲနိုင်မှုစိုက်ပျိုးမြေဧကမှာ (၉၈) ဧကခန့် သုံးစွဲနိုင်ကြောင်းတွေ့ရှိပါသည်။

## (ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးချနိုင်မှု (လွယ်/ခက်/အသုံးမပြုနိုင်ပါ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) ကျောက်ပြာ၊ စလင်း၊ သစ်တော | နည်း | ခက် |
| အခြား ရင်းမြစ်များ | နည်း | ခက် |
| **အခြားသဘာဝရင်းမြစ်** | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | နည်း | ခက် |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | နည်း | ခက် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

ရည်ညွှန်း..ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ

**လေ့လာတွေ့ရှိချက်။ ။** ကျေးရွာ၏ တောင်ဘက် နှင့် မြောက်ဘက်တောင်ကြောများတွင် တောဝက်၊ မျောက်၊ ဆတ်၊ ဂျီ၊ တောကြက်စသည့် သဘာဝတောတွင်းတိရစ္ဆာန်များ နေထိုင်ကျက်စားမှု ရှိကြောင်း တွေ့ရှိရပါသည်။

## (ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၀ကေအထက် | ၅ ကေအထက် ၁၀ ကေကြား | ၅ ကေအောက် | မရှိ |
| အိမ်အခြေအနေ | သွပ်၊ ပျဉ်ထောင်ခင်း | သွပ်၊ ပျဉ်းခင်း၊ ထရံကာ | သက်ကယ်၊ ကြမ်းခင်း၊ ထရံကာ | သက်ကယ်မိုး၊ ဝါးကြမ်းခင်း၊ ထရံကာ |
| လုပ်ငန်းသုံးကိရိယာပိုင်ဆိုင်မှု | မြက်ရိတ်စက်၊ ရေသွယ်ပိုက်များ | - | - | - |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | ကုန်တင်ယဉ်၊ အိမ်စီးကား၊ ဆိုင်ကယ် | ဆိုင်ကယ်၊ TV၊ | ဆိုင်ကယ် | - |
| အဓိကစီးပွားရေး လုပ်ငန်း | အရောင်းအဝယ် သစ်၊ ငွေစုငွေချေး | တောင်ယာ | နေ့စားကျပန်း | နေ့စားကျပန်း |
| အခြားပိုင်ဆိုင်မှု | TV၊ စလောင်း | နွား၊ ဆိတ် | - | - |
| အိမ်ထောင်စု -၅၂ | (၂၃.၀၇%) | (၃၄.၆၁%) | (၂၅.၄၉%) | (၁၇.၆၄%) |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

ရည်ညွှန်း..ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ

**လေ့လာတွေ့ရှိချက်။** ။ ရပ်ရွာအစည်းအဝေးအတွင် အဆင်ပြေသောမိသားစုကိုစောက်ကော်သီးပင်နှင့် သစ်ကြားသီးပင် အများဆုံးစိုက်ပျိုးနိုင်သည့်အပေါ်မူတည်၍ သတ်မှတ်ထားပါသည်။ အိမ်စီး ကား၊ ကားကြီး၊ ကုန်တင်ယာဉ်နှင့် ဆိုင်ကယ်များ ပိုင်ဆိုင်ကြသည်။ အလယ်အလတ်မိသားစုများမှာ စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြသူများဖြစ်ပြီး အခြားတွဲဘက်ဝင်ငွေရလုပ်ငန်းများ တွဲဖက်လုပ်ကိုင်မှုနည်းသည်။ မပြေလည်နှင့် အလွန်မပြေလည် မိသားစုများမှာ တောင်ယာအနည်းငယ်ပိုင်ဆိုင်ကြပြီး မြေယာမဲ့များလည်းရှိပါသည်။ နေ့စားကျပန်းအလုပ်ကို လုပ်ကိုင်ရင်း စားဝတ်နေရေးကို ဖြေရှင်းကြရသည်။

### (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | **ဖြေရှင်းသည့် နည်းဗျူဟာ** (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၁ | |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၅ | |
| ၆လ မှ ၁၂ လ အထိ ဝမ်းစာဖူလုံမှု | ၁၁ | |

ရင်းမြစ် .. ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းအား စစ်တမ်းကောက်ယူခြင်း။

ရည်ညွှန်း..ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ

**လေ့လာတွေ့ရှိချက်။ ။ဝမ်းစာဖူလုံမှုနှင့်ပတ်သတ်၍အချက်အလက်ကောက်ယူခဲ့ခြင်းမရှိပါ။**

.............................................................................................................................

.............................................................................................................................

.............................................................................................................................

.............................................................................................................................

.............................................................................................................................

.............................................................................................................................

....................................

**(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၇ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | ၄ | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

ရည်ညွှန်း..ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု ၇ စုနှင့် ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု ၄ စုရှိကြပြီး ၎င်းတို့သည် ထိခိုက်လွယ်မှု မြင့်သည်။

**(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | လတ် |
| ၂ | သဘာဝရင်းမြစ်ရှားပါးမှု(မြေဩစိုက်ပျိုးရေ) | နိမ့် |
| ၃ | ရေကြီးခြင်း | လတ် |
| ၄ | မိုးခေါင်ခြင်း | နိမ့် |
| ၅ | အအေးလွန်ကဲခြင်း | လတ် |
| ၆ | မုန်တိုင်း | နိမ့် |
| ၇ | လျှပ် | နိမ့် |
| ၈ | မီးဘေး | နိမ့် |
| ၉ | ဆားငန်ရေဝင်မြေ | နိမ့် |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | မြင့် |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် |
| ၁၂ | ငှက်ဖျားရောဂါ | နိမ့် |
| ၁၃ | တီဘီရောဂါ | လတ် |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | နိမ့် |
| ၁၇ | လူကုန်ကူးခြင်း | နိမ့် |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | မြင့် |
| ၁၉ | အခြား | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

ရည်ညွှန်း..ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ

**လေ့လာတွေ့ရှိချက်။** ။ စားနပ်ရိက္ခာမဖူလုံမှုတွင် အလုပ်ရှားပါးခြင်းနှင့် သွားလာရခက်ခဲသော တောင်ပေါ်ဒေသတွင်တည်ရှိနေခြင်းကြောင့် ထိခိုက်လွယ်မှုလတ်သည်။ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေတွင် သဘာဝအရင်းအမြစ် ရှားပါးမှုသစ်တောများ၊ ထင်းများ စည်းကမ်းမဲ့ ခုတ်လှဲခြင်းနှင့် သတ္တုများရှာဖွေတူးဖော်နေခြင်းတို့ကြောင့်လည်း သစ်တောပြုန်းတီးမှုများ ထိခိုက်လွယ်မှုမြင့်သည်။ မူးယစ်ဆေးဝါးသုံးစွဲခြင်းများကြောင့် ခုခံအားကျဆင်းမှုရောဂါဖြစ်ပွား၍ ထိခိုက်လွယ်မှုမြင့်သည်။ အခြား မိုးခေါင်ခြင်း၊ မုန်တိုင်း၊ ဆားငန်ရေဝင်ရောက်မှု၊ လူကုန် ကူးမှုတို့တွင် ထိခိုက်လွယ်မှု နိမ့်သည်။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | မြင့် | မူးယစ်ဆေးဝါး |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် | |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် | ကျပန်းလုပ်ငန်းလုပ်ကိုင် |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | လတ် | |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | - | |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင် နေထိုင်သူများ | လတ် | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | - | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | - | |
| ၉ | ငါးကန်ပိုင်ရှင် | - | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | နိမ့် | |
| ၁၁ | လူနည်းစုလူမျိုးများ | - | |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင် နေထိုင်သူများ | လတ် | |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | လတ် | |
| ၁၄ | ရွှေတွင်းလုပ်သား | - | |
| ၁၅ | ဆေးစွဲသူများ | မြင့် | |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ | မြင့် | |
| ၁၇ | လှည့်လည်သွားလာ၍စျေးရောင်းသူများ | - | |
| ၁၈ | နေရပ်ပြန် အခြေချသူများ | - | |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | - | |
| ၂၀ | ကားသမား | - | |
| ၂၁ | အခြား | - | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

ရည်ညွှန်း..ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ

**လေ့လာတွေ့ရှိချက်။** ။ ထိခိုက်သက်ရာက်လွယ်မှု ခံရနိုင်သော လူအုပ်စုများတွင်လည်း လူငယ်၊ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု၊ လက်လုပ်လက်စား ကျပန်းများ၊ လူငယ်များသည် မိသားစု ဝင်ငွေအတွက် အဓိက အလုပ်လုပ်ကိုင် ရာဖွေရ သူများဖြစ်သဖြင့် လုပ်ငန်းခွင်တွင် ထိခိုက်နိုင်ခြင်း၊

မိသားစုနှင့် အဝေးတွင် သွားရောက် အလုပ်လုပ်ကိုင်ကြရသောကြောင့် ကူးစက်ရောဂါများ ကူးစက်နိုင် ခြေများခြင်း၊ အနိုင်ကျင့်ခံရနိုင်ခြင်း၊ ဆိုင်ကယ်အသုံးပြုများသဖြင့် ယဉ်တိုက်မှု မတော်တဆ ဖြစ်နိုင်ခြေများခြင်းတို့ကြောင့် ထိခိုက်လွယ်မှု မြင့်သည်။ အမျိုးသမီးဦးဆောင်သော ဆင်းရဲသော အိမ်ထောင်စုများနှင့် လက်လုပ်လက်စား ကျပန်းအိမ်ထောင်စုများမှာလည်း အမျိုးသမီး လုပ်အားခနည်းခြင်း၊ အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်မရှိခြင်း၊ မိသားစုများ ခြင်းတို့ကြောင့် ထိခိုက်လွယ်မှု လတ်သည်။ ဆေးစွဲသူများအနေဖြင့်လည်း ဝင်ငွေနည်းပါးခြင်း၊ ဆေးဖိုး ကုန်ကျစရိတ်များခြင်း၊ ဆေးထိုးအပ်မှတဆင့် ကူးစက်ရောဂါများ အလွယ်တကူ ကူးစက်နိုင်ခြင်း၊ ဆေးဝါးသုံးစွဲသူများရာဇဝတ်မှုကို အလွယ်တကူ ချိုးဖေါက်မှု ဖြစ်ပေါ်နိုင်ခြင်းတို့ကြောင့် ထိခိုက်လွယ်မှု မြင့်သည်။

**(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ**

**(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ**

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | စွမ်းဆောင်နိုင်မှု |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | လူငယ်အဖွဲ့အစည်း | ၁ | ၇ | ၈ | ၁၅ | လူမှုရေး | သင့် |
| ၂ | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |

ရင်းမြစ်- ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

ရည်ညွှန်း..ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအတွင်းတွင် လူမှုအခြေပြုအဖွဲ့အစည်း ဘာသာရေး၊ ကျန်းမာရေး၊ လူမှုရေးယဉ်ကျေးမှုနှင့် စီးပွားရေးကို အခြေခံထား သောအဖွဲ့အစည်းများမှာ အဖွဲ့အစည်းခိုင်မာကျစ်လစ်မှုမရှိခြင်း၊ ကိုယ်ပိုင်ရပ်တည်မှုမရှိခြင်း၊ လုပ်ဆောင်မှုအားနည်းခြင်းတို့ကြောင့် ကျေးရွာအတွင်း မထင်ရှားဘဲအားနည်းလျက်ရှိသည်။

## (က.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

ရည်ညွှန်း..ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ- ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်း မပြုပါရန်</u>။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်းဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများမရှိပါ။

(ခ) **စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ**

**(ခ-၁) သီးနှံထုတ်လုပ်ရေး**

(၁) **စိုက်ပျိုးမြေပိုင်ဆိုင်မှု**

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၅ | ၉.၆၁ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ကေအောက် | ၃၇ | ၇၁.၁၅% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ကေမှ ၅ ကေထိ | ၇ | ၁၃.၄၆% | တောင်သူငယ် |
| ၄ | ၅ ကေမှ ၁၂.၅ ကေ ကြား | ၅ | ၉.၆၁% | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ကေ အထက် | | | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၅၂** | **၁၀၀%** | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

ရည်ညွှန်း..ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စု(၅)စုရှိသော်လည်း မြေယာ(၂.၅)ကေအောက်ပိုင်ဆိုင်သောအိမ်ထောင်စုအများစုမှာတောင်ယာပြောင်းအနည်းငယ်သာ စိုက်ပျိုးနိုင်ကြောင်း တွေ့ရှိရပါသည်။ မြေယာ(၁၂.၅)ကေအောက်ပိုင်ဆိုင်သောအိမ်ထောင်စု(၁)စုသာရှိပြီး ၄င်းတို့ပိုင်ဆိုင်သော မြေယာများတွင် ဆင်းရဲသားတောင်သူအိမ်ထောင်စုများမှ နေ့စားလုပ်သားများအဖြစ်သွားရောက်လုပ်ကိုင်ကြကြောင်းတွေ့ရှိရပါသည်။

(၂) **အစိုးရနှင့်ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ**

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | ရင်းမြစ် | အစိုးရ /ပုဂ္ဂလိက | ရေသောက်ကေ | ရေရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | - | - | - | - |
| ၂ | ရေလွှဲဆည် | - | - | - | - |
| ၃ | မြစ်ရေတင်စီမံကိန်း | - | - | - | - |
| ၄ | အဝီစိတွင်း | - | - | - | - |

| စဉ် | ရင်းမြစ် | အစိုးရ /ပုဂ္ဂလိက | ရေသောက်ဧ | ရေရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၅ | လက်ငင် ရေတွင်း | - | - | - | - |
| ၆ | စိမ့်စမ်းရေ | - | - | - | - |
| ၇ | ချောင်းရေ | - | ၉၈ | တစ်နှစ်ပတ်လုံး | ရှိ |
| ၈ | အခြား | - | - | - | - |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

ရည်ညွှန်း..ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ

**လေ့လာတွေ့ရှိချက်။** ။ ချစ်ဂေါ့ကျေးရွာတွင် စိုက်ပျိုးမြေဧရိယာအများစုသည် ရွာနှင့်အလှမ်းဝေးသောတောတောင်လျှိုမြောင်များတွင်တည်ရှိနေပြီး စိမ့်စမ်း၊တောင်ချောင်းရေတို့နှင့် စိုက်ပျိုးမြေများမှာ ဝေးကွာနေသည့်အတွက် ရေသွယ်တန်းယူရန် များစွာအခက်အခဲရှိပါသည်။ တောင်ယာမြေဧ အနည်းငယ် နှင့် စိုက်ပျိုးခြံအချို့သာ ချောင်းရေကို အသုံးပြုနိုင်ကြောင်းတွေ့ရှိရပါသည်။

## (၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံ စိုက်ပျိုးသည့်ကာလ | | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/ မြင့်) | အမြတ်ရရှိနိုင်မှု (နိမ့်/ လတ်/ မြင့်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | |
| သစ်ကြား | ၃၄ | တင်း | ၅၀၀ | ၆၀၀ | ၅၅၀ | မေ | - | လတ် | လတ် |
| စောက်ကော် | ၂၆ | Kg | ၁၅၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | မေ | - | လတ် | မြင့် |
| ပြောင်း | ၂၅ | တင်း | ၂၅ | ၃၀ | ၂၇ | ကဆုန် | ဝါခေါင် | နိမ့် | နိမ့် |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

ရည်ညွှန်း..ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ အဓိကစိုက်ပျိုးသော သီးနှံမှာ သစ်ကြားပင်နှင့်စောက်ကော်ပင် ဖြစ်သည်။သစ်ကြားပင် နှင့် ရှောက်ကော်ပင်စိုက်ပျိုးမြေဧစုစုပေါင်းမှာ ၆၀ ဧကခန့်ရှိပြီး

နှစ်ရှည်ပင်များဖြစ်သည့်အတွက် မိုးဦးမကျမီ မေလတွင် စတင်စိုက်ပျိုးကြောင်းတွေ့ရှိရပါသည်။ အသီးများကို နိုဝင်ဘာလမှစတင် ဆွတ်ခူးကာရောင်းချကြောင်းတွေ့ရှိရသည်။ သွင်းအားစု လိုအပ်ချက် အတော်အသင့်ရှိသောကြောင့် အကျိုးအမြတ်ရရှိမှု အခြေအနေမှာ အသင့်အတင့် ဖြစ်သည်။ ပြောင်းသီးနှံကို မိုးရာသီ ကဆုန်လတွင် စတင်စိုက်ပျိုးပြီး ဝါခေါင်လတွင် ရိတ်သိမ်းကြ ပါသည်။ သီးခြားစိုက်ပျိုးမှုမရှိပဲ တစ်သီးစားသာစိုက်ပျိုးကြသောကြောင့် ဝင်ငွေပုံမှန်မရှိကြောင်း တွေ့ရှိရပါသည်။

## (၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာငှား ရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|---|---|
| | တစ်ဦး ချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | |
| ထွန်စက် | - | - | - | - | - | - |
| လက်တွန်းထွန်စက် | ၄၃ | - | - | - | - | - |
| အစေ့ချ ကိရိယာ | - | - | - | - | - | - |
| ရိတ်သိမ်းခြွေလှေ့စက် | - | - | - | - | - | - |
| ရိတ်သိမ်းစက် | - | - | - | - | - | - |
| ခြွေလှေ့စက် | - | - | - | - | - | - |
| ရေစုပ်စက် | - | - | - | - | - | - |
| ခြေနင်းရေတင်စက် | - | - | - | - | - | - |
| မြက်ရိတ်စက် | ၉ | - | - | - | - | ၃၀ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

ရည်ညွှန်း..ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ

ရရှိသော သတင်းအချက်အလက်များ

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စိုက်ပျိုးရေးသုံးစက်ကိရိယာအဖြစ်လက်တွန်းထွန်စက် (၄၂)ခုနှင့် မြက်ရိတ်စက် ၉ ခုသာ ရှိပြီး ပုဂ္ဂလိကပိုင်များသာဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများတွင် လူအင်အားကိုသာ အသုံးပြုစိုက် ပျိုးကြကြောင်းတွေ့ရှိရပါသည်။

## (၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | သင့်တင့်မျှတ |
| လယ်ယာမြေ အသုံးချနိုင်မှု | သင့်တင့်မျှတ |
| စိုက်ပျိုးရေအရင်းအမြစ် | အသင့်အတင့်ရှိ |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | မဖြေဆိုပါ |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် |
| သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | ဝယ်ယူရနိုင်သည် |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | ဝယ်ယူရနိုင်သည် |
| လုပ်သားရရှိနိုင်မှု | ရနိုင်သည် |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | ရနိုင်သည် |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | သီးနှံများကို ရောင်းချနိုင်သည် |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

ရည်ညွှန်း..ကျေးရွာအခြေအနေကို ကျေးရွာသူ/ ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ

**လေ့လာတွေ့ရှိချက်။** ။ စိုက်ပျိုးရေးတိုးတက်မှုအခွင့်အလမ်းများမှာ ကျေးရွာရှိစိုက်ပျိုးမြေများမှာ မြေဆီဩဇာ အသင့်အတင့်ကောင်းမွန်ပြီး အော်ဂဲနစ်ပိုးသတ်ဆေးသုံးစွဲရန် နည်းပညာနှင့် ဗဟုသုတ မရှိကြပါ။ စိုက်ပျိုးရေးစရိတ် ရင်းနှီးမြှုပ်နှံမှု အရင်းအနှီးမလုံလောက်သောကြောင့် စိုက်ပျိုးရေး လုပ်ငန်းကို ထိထိရောက်ရောက်လုပ်ကိုင်နိုင်မှုအားနည်းကြောင်းတွေ့ရှိရပါသည်။ စိုက်ပျိုးရေးထုတ်ကုန်များ ရောင်းချရန်ဈေးကွက်အလုံအလောက်ရှိပါသည်။

## (၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| **ပြဿနာနှင့် အခက်အခဲများ** | **ဖော်ပြချက်/ရှင်းလင်းချက်**<br>(အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| သဘာဝ ရေမြေရာသီဥတု အနေအထား | မဖြေဆိုပါ |
| လယ်ယာမြေ အသုံးချနိုင်မှု | မဖြေဆိုပါ |
| စိုက်ပျိုးရေ အရင်းအမြစ် | အလွယ်တကူမရနိုင် |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | အလွယ်တကူမရနိုင် |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | အလွယ်တကူမရနိုင် |
| သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | အလွယ်တကူမရနိုင် |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | အလွယ်တကူမရနိုင် |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူမရနိုင် |
| နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | မဖြေဆိုပါ |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ |
| ဖျက်ပိုးနှင့် ရောဂါကျရောက်မှု | အနည်းငယ် |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

ရည်ညွှန်း..ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ

ရရှိသော သတင်းအချက်အလက်များ

**လေ့လာတွေ့ရှိချက်။** ။ စိုက်ပျိုးမြေများမှာ မြေဆီသြဇာအသင့်အတင့်ကောင်းမွန်ပါသည်။ သွင်းအားစုများကို အလွယ်တကူလိုသလောက် ဝယ်ယူရရှိနိုင်သော်လည်း အရင်းအနှီး မတတ်နိုင်သောကြောင့် သွင်းအားစုများကိုလည်း အချိန်မှီနှင့် အလုံအလောက် သုံးစွဲနိုင်ခြင်းမရှိပါ။ အလုပ်လုပ်နိုင်သူများရှိသော်လည်း ကျွမ်းကျင်မှုနည်းသည်။ နည်းပညာနှင့် ဝန်ဆောင်မှု ရရှိသော်လည်း လုံလောက်မှုမရှိပါ။ စိုက်ပျိုးထုတ်ကုန် ဈေးကွက် လက်လှမ်းမီသော်လည်း ဈေးကောင်းမရ။ ဈေးနှုန်းတည်ငြိမ်မှု မရှိပါ။

## (ခ.၂) မွေးမြူရေးလုပ်ငန်း

### (၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| နွား | ၃၉ | ၈၁ | |
| နို့စားနွား | - | - | |
| မြင်း | - | - | |
| ကျွဲ | ၇ | ၄၈ | |
| မြည်း | - | - | |
| လား | - | - | |
| ဆိတ် | ၃ | ၂၆ | |
| သိုး | - | - | |
| ဝက် | ၄၆ | ၅၁ | |
| ကြက် | ၅၂ | ၁၈၆ | |
| ဘဲ | - | - | |
| နွားနောက် | - | - | |
| အခြား | - | - | |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | - | - | |
| ပုဇွန်ကန် | - | - | |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | - | - | |
| ရေချို ငါးဖမ်းလုပ်ငန်း | - | - | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | - | |
| အခြား | - | - | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

ရည်ညွှန်း..ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ

ရရှိသော သတင်းအချက်အလက်များ

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မွေးမြူရေးလုပ်ကိုင်သူ ၃၉အိမ်ထောင်စု (၇၅%) မှာ တစ်ပိုင်တစ်နိုင် အနေဖြင့် မွေးမြူကြသည်။ မွေးမြူထားသော အကောင်ရေမှာ နွား ၈၁ကောင်၊ ကျွဲ၄၈ ကောင်၊ ဆိတ် ၂၆ ကောင်၊ ဝက် ၅၁ ကောင်နှင့် ကြက် ၁၈၆ကောင် မွေးမြူထားပါသည်။ တိရိစ္ဆာရောဂါ ကျရောက်ပါက တိမွေးကုဦးစီးဌာသို့ အလွယ်တကူ ဆက်သွယ်နိုင်ရန်ခက်ခဲပါသည်။ မွေးမြူရေး၏အဓိကအခက်အခဲမှာ နည်းပညာဝန်ဆောင်မှုအခက်အခဲ၊ ချေးငွေမရရှိမှု၊ မျိုးကောင်းမျိုးသန့် လက်လှမ်းမမှီမှု၊ အမြတ်အစွန်းရရှိမှုနည်းပါးခြင်းတို့ဖြစ်သည်။

## (၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | မဖြေဆိုပါ |
| ရေရရှိမှု | အလုံအလောက်ရနိုင် |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | မျိုးကောင်းတိရစ္ဆာန်များ အသင့်အတင့်ဝယ်ယူ ရနိုင် |
| ချေးငွေ | မဖြေဆိုပါ |
| သွင်းအားစု (မွေးမြူရေး အစာ၊ ဆေးစသည်)ဈေးကွက် | သွင်းအားစုများ ဝယ်ယူနိုင်သည် |
| ဝန်ဆောင်မှု နှင့် နည်းပညာ ပံ့ပိုးမှု | မဖြေဆိုပါ |
| ထုတ်ကုန် ရောင်းဝယ်မှု | ထုတ်ကုန်များကို ရောင်းချနိုင်သည် |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | မဖြေဆိုပါ |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်မွေးမြူရန် ရေမြေ အနေအထား | မဖြေဆိုပါ |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | မဖြေဆိုပါ |
| ချေးငွေ | မဖြေဆိုပါ |
| သွင်းအားစု လက်လှမ်းမီမှု | မဖြေဆိုပါ |
| နည်းပညာ အကူအညီ နှင့် နည်းလမ်းများ | မဖြေဆိုပါ |

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| ထုတ်ကုန် ရောင်းဝယ်မှု | မဖြေဆိုပါ |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | မဖြေဆိုပါ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

ရည်ညွှန်း..ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ

**လေ့လာတွေ့ရှိချက်။** ။ စားကျက်မြေ သီးခြားသတ်မှတ်ထားခြင်းမရှိ။ မျိုးကောင်းမျိုးသန့် မျိုးတိရိစ္ဆာန်များကို ဒေသအတွင်း ဆက်သွယ်ရရှိနိုင်သည်။ မွေးမြူရေးအတွက် လိုအပ်သော သွင်းအားစုများကို ဒေသတွင်း အလုံအလောက်ဝယ်ယူ ရရှိနိုင်သည်။ ဒေသတွင်းရောင်းချရန် ဈေးကွက် အလုံအလောက်ရှိသည်။

### (၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | စားကျက်မြေရှားပါးသည် |
| ရေရရှိမှု | အလုံအလောက်ရနိုင် |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူမရနိုင်ပါ |
| ချေးငွေ | ချေးငွေလွယ်ကူစွာမရနိုင်ပါ |
| သွင်းအားစု(မွေးမြူရေး အစာ၊ဆေးစသည်)ဈေးကွက် | သွင်းအားစုများ ဝယ်ယူနိုင်သည် |
| ဝန်ဆောင်မှုနှင့် နည်းပညာပံ့ပိုးမှု | မဖြေဆိုပါ |
| ထုတ်ကုန် ရောင်းဝယ်မှု | ထုတ်ကုန်များကို ရောင်းချနိုင်သည် |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | အလုံအလောက်မရှိပါ |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်မွေးမြူရန် ရေမြေ အနေအထား | ရေမြေအနေအထားမကောင်းပါ |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | မဖြေဆိုပါ |
| ချေးငွေ | မဖြေဆိုပါ |

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| သွင်းအားစု လက်လှမ်းမီမှု | မဖြေဆိုပါ |
| နည်းပညာအကူအညီနှင့် နည်းလမ်းများ | မဖြေဆိုပါ |
| ထုတ်ကုန် ရောင်းဝယ်မှု | မဖြေဆိုပါ |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | မဖြေဆိုပါ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

ရည်ညွှန်း..ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ

**လေ့လာတွေ့ရှိချက်။** ။မျိုးကောင်းမျိုးသန့်ဝယ်ယူရန် ငွေကြေးအခက်အခဲရှိသည်။ မွေးမြူရေး ချေးငွေနှင့် နည်းပညာဝန်ဆောင်မှုလည်း လုံလောက်မှုမရှိပါ။ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/လေလံ လက်လှမ်းမှီမှု ခက်ခဲသည်။

## (ခ-၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

### (၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| လုပ်သားအင်အား ရရှိနိုင်မှု | အသင့်အတင့် |
| လယ်ယာသားငါး ထွက်ကုန် မဟုတ်သော အခြားဒေသထွက်ကုန်များကို ရောင်းချရန် ဈေးကွက်ရှိခြင်း | မဖြေဆိုပါ |
| ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိခြင်း | အသင့်အတင့် နားလည်သည် |
| လမ်းပန်းဆက်သွယ်ရေးအခြေအနေ | မဖြေဆိုပါ |
| ကုန်ကြမ်း ရရှိနိုင်ခြင်း | မဖြေဆိုပါ |
| လျှပ်စစ်မီး ရရှိနိုင်ခြင်း | မဖြေဆိုပါ |
| ချေးငွေ ရရှိနိုင်ခြင်း | မဖြေဆိုပါ |
| အသက်မွေးဝမ်းကျောင်းနည်းပညာဆိုင်ရာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှု ရရှိခြင်း | မဖြေဆိုပါ |
| အလုပ်နှင့် လိုက်လျောညီထွေဖြစ်သော (သို့မဟုတ်) အသက်မွေးဝမ်းကျောင်းပြုနိုင်သော ပညာတစ်ခုခုကို တတ်မြောက်ခြင်း | မဖြေဆိုပါ |
| အလုပ်အကိုင် အခွင့်အလမ်း | အသင့်အတင့် |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

ရည်ညွှန်း..ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် နေ့စားသွားရောက်လုပ်ကိုင်ကြရပြီး အလုပ်နှင့်ဝင်ငွေ ပုံမှန်မရှိခြင်းကြောင့် ရပ်တည်နိုင်မှု အသင့်အတင့်သာရှိသည်။ လုပ်ငန်းများကို လုပ်ကိုင်ရာတွင်လည်း အလုပ်အကိုင်နှင့်ဝင်ငွေ ပုံမှန်မရရှိခြင်း၊ လုပ်အားခနည်းခြင်းတို့ကြောင့် ဝင်ငွေနည်းပါးသည်။ ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းနှင့် အသက်မွေးဝမ်းပညာကျွမ်းကျင်မှုလည်း နည်းပါး သည်။ အသက်မွေးဝမ်းပညာသင်တန်းများတက်ရောက်ရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း ကုန်ကျစရိတ်နှင့် အရင်းအနှီး မတတ်နိုင်ကြပါ။

## (၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား(၂၃)စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်ပြဿနာနှင့် အခက်အခဲ များ

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| လုပ်သားအင်အား ရရှိနိုင်မှု | ရှားပါး |
| လယ်ယာသားငါး ထွက်ကုန်မဟုတ်သော အခြား ဒေသထွက်ကုန်များကို ရောင်းချရန် ဈေးကွက်ရှိခြင်း | ဈေးကွက်မရှိ |
| ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိခြင်း | ဈေးကွက်အခြေအနေကို ကောင်းစွာ နားမလည် |
| လမ်းပန်းဆက်သွယ်ရေးအခြေအနေ | ညံ့ |
| ကုန်ကြမ်း ရရှိနိုင်ခြင်း | ကုန်ကြမ်းရရှိမှု နည်းသည် |
| လျှပ်စစ်မီး ရရှိနိုင်ခြင်း | လုံးဝမရပါ |
| ချေးငွေ ရရှိနိုင်ခြင်း | ချေးငွေမရပါ |
| အသက်မွေးဝမ်းကျောင်းနည်းပညာဆိုင်ရာနှင့်အသေးစား/ အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှု ရရှိခြင်း | နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဝန်ဆောင်မှုများ အလွယ်တကူမရပါ |
| အလုပ်နှင့် လိုက်လျောညီထွေ ဖြစ်သော (သို့မဟုတ်) အသက်မွေး ဝမ်းကျောင်းပြုနိုင်သောပညာတစ်ခုခုကို တတ်မြောက်ခြင်း | မဖြေဆိုပါ |
| အလုပ်အကိုင် အခွင့်အလမ်း | အလုပ်အကိုင်အခွင့်အလမ်းနည်း |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ

လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

ရည်ညွှန်း..ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ

**လေ့လာတွေ့ရှိချက်။** ။ အလုပ်လုပ်နိုင်သည့်အရွယ်များသော်လည်း အတန်းပညာတတ်မြောက်မှု မရှိသည့်အပြင် အသက်မွေးဝမ်းကျောင်းအတတ်ပညာကျွမ်းကျင်မှု အားနည်းနေကြသည်။ သင်တန်းများတက်ရောက်ရန်လည်း အရင်းအနှီးနှင့် အဆက်အသွယ် မရှိကြပါ။ဆင်းရဲသားများအနေဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းများ ထူထောင်ရန် အရင်းအနှီးမရှိ၊ ဈေးငွေလည်းလက်လှမ်းမမှီနိုင်ကြပါ။ ကျေးရွာတွင် အလုပ်လုပ်နိုင်သောအရွယ် အသင့်အတင့်ရှိသော်လည်း ပြင်ပရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၊ အလုပ်ရုံ၊ စက်ရုံများမရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းကြောင့် လူတိုင်း အလုပ်အကိုင်မရှိကြပါ။ နေ့စားလုပ်အားခများသော်လည်း နေ့စားလုပ်ငန်း ပုံမှန်မရှိကြပါ။

## (ဂ) ရွှေ့ပြောင်းလုပ်သားများ

### (ဂ-၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

